# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၃)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း ၁၄ ရက် ၊ ၁–၁–၂၀၂၆၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



၂၀၂၅ ခုနှစ်ကုန်ဆုံးလို့ ၂၀၂၆ ခုနှစ်ကို ကူးပြောင်းရောက်ရှိလာတဲ့ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျော်ဖြတ်ခဲ့တဲ့ ၂၀၂၅ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံအတွက် အင်မတန်အရေးကြီးတဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ နိုင်ငံတော်ကိုအရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာစဉ်က ပါရှိခဲ့တဲ့ ကိစ္စရပ်အားလုံးကို ကျွန်တော်တို့အနေနဲ့ အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်ဖို့အတွက် အထွေထွေရွေးကောက်ပွဲတစ်ရပ် မဖြစ်မနေကျင်းပပေးဖို့လိုပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာထားခြင်းမှ ရုပ်သိမ်းပေးနိုင်ဖို့နဲ့ ပေးအပ်ထားသော နိုင်ငံ့တာဝန်များကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ ပြန်လည်အပ်နှံခဲ့ပါတယ်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရဲ့ ဦးဆောင်မှုနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ သတ်မှတ်ချက်များအတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် အမြန်ဆုံးကျင်းပပေးဖို့ စီစဉ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတမှုအပြည့်ရှိတဲ့ ရွေးကောက်ပွဲဖြစ်စေဖို့အတွက် ပြည်တွင်းပြည်ပက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေကိုလည်း ဖိတ်ခေါ်ခဲ့ပါတယ်။ မဲမသမာမှုတွေ မဖြစ်ပေါ်စေဖို့အတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)စက်တွေကို အသုံးပြုဆောင်ရွက်နေပါတယ်။


**စာမျက်နှာ ၃ သို့** ❑


## ယနေ့ ဖတ်စရာအညွှန်း


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

စာမျက်နှာ ၂

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာမျက်နှာ ၇


## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက်ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီ ၁ ရက် ၊ ကြာသပတေးနေ့ ။

## ပျော်ရွှင်ချမ်းမြေ့သော နှစ်သစ်မင်္ဂလာဖြစ်ပါစေ

နှစ်သစ်တွင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းပတ္ထနာသံတို့ စည်ဝေကာ ကြားနာရသူအပေါင်းတို့ နှလုံးစိတ်ဝမ်းချမ်းမြေ့ကြည်နူးကြရသည်။ မင်္ဂလာဟူသည် တိုးတက်ကြီးပွားကြောင်းတရားဖြစ်ပြီး ကောင်းမြတ်ခြင်း၊ တင့်တယ်ခြင်း၊ ကျက်သရေနှင့် ပြည့်စုံခြင်းလည်းဖြစ်ရာ လူတိုင်းက အလိုရှိအပ်၊ တောင့်တအပ်သော တရားလည်းဖြစ်သည်။ လူသားတို့ ကိုးကွယ်ကြသည့် ဘာသာတရားတို့က ကိုးကွယ်သည့် လူသားတို့ကို ကိုယ်ကျင့်တရားကောင်းမွန်ရန်၊ ယဉ်ကျေးသိမ်မွေ့ရန်၊ စိတ်နှလုံးဖြူစင်ရန် သင်ကြားညွှန်ပြ ဆုံးမပဲ့ပြင်ပေးခြင်းအားဖြင့် လူတိုင်းအပေါ် မင်္ဂလာအပေါင်း ခညောင်းပြည့်စုံစေသည်။ ခရစ်နှစ် ၂၀၂၅ ခုနှစ်လွန်မြောက်၍ ၂၀၂၆ ခုနှစ်သို့ ကူးပြောင်းရောက်ရှိလေပြီ။ နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်အခါသမယသို့ ရောက်ရှိသော ယနေ့သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနေ့ဖြစ်ပေသည်။

၂၀၂၆ ခုနှစ် နှစ်သစ်တွင် လူသားအချင်းချင်း မေတ္တာသက်ဝင်ချစ်ခင်ခြင်း၊ အကြင်နာတရားထားခြင်း၊ မလိုမုန်းထားစိတ်ကင်းစင်ခြင်း၊ စိတ်ထားဖြောင့်မှန်၍ အပြန်အလှန် လေးစားခြင်းတို့ထားရှိနိုင်ကြပါစေ။ ထိုသို့ထားရှိကြမှသာ လူသားတို့ ကြုံတွေ့ရသော အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်ကြမည်ဖြစ်သည်။ လူသားတစ်ဦးချင်းက ကိုယ်စီကိုယ်င ကိုယ်ကျင့်တရားကောင်းမွန်အောင်ပြုပြင်ခြင်း၊ အသိပညာ၊ အတတ်ပညာ စွမ်းအားမြင့်မားအောင် ကြိုးစားရှက်ဆောင်ခြင်းတို့ဖြင့် မိမိတို့ နိုင်ငံတော်၏ လှပသောအနာဂတ်ကို ဖော်ဆောင်ကြရပေမည်။ နှစ်သစ်မင်္ဂလာမှစတင်ကာ မျိုးဆက်သစ်လူငယ်များ တိုးတက်ကြီးပွားပြီး အရည်အချင်းပြည့်ဝသူများဖြစ်အောင် ကြိုးစားရင်း ကမ္ဘာ့အလယ်မှာ မြန်မာတို့ ဂုဏ်တင့်စေချင်သည်။

ကိုယ်နှုတ်စိတ်သုံးပါးလုံး ယဉ်ကျေးသိမ်မွေ့ရမယ်။ တွေ့မြင်သူတိုင်းက လေးစားရတဲ့ ကိုယ်နှုတ်အမူအရာရှိရမယ်။ ပညာရှိပြီး ထက်မြက်တဲ့လူစွမ်းကောင်းတွေဟာ ဘဝပင်လယ်ထဲမှာ ကျွန်းတစ်ကျွန်းကို တည်ဆောက်နိုင်မယ်ဟူ၍ သီတဂူဆရာတော်ကြီး မိန့်ကြားတော်မူခဲ့သည်။ နှစ်သစ်မှာ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ တန်းတူညီမျှခြင်း၊ ချစ်ကြည်ခြင်း၊ ခွင့်လွှတ်ခြင်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရပေမည်။ နှစ်သစ်တွင် နိုင်ငံတော်တစ်ဝန်း အလုပ်အကိုင် အခွင့်အလမ်းတွေအများကြီး ဖန်တီးနိုင်ပြီး နိုင်ငံတော်စီးပွားရေးတိုးတက်စေချင်သည်။ လူတစ်ဦးချင်းစီ၏ လူနေမှုဘဝ သည့်ထက်ပိုမိုမြင့်မားစေချင်သည်။ စိတ်သစ်၊ အင်အားသစ်၊ အတွေးအခေါ်သစ်နှင့် စိတ်စေတနာကောင်းထားကာ လုပ်ဆောင်ပါလျှင် မည်သည့်အရာမဆို မုချအောင်မြင်မည်သာဖြစ်သည်။

နှစ်သစ်အခါသမယမှစတင်၍ ဗုဒ္ဓဘာသာ၊ သာသနာ ရောင်ဝါနေသို့ထွန်းပါစေ။ မြန်မာမျိုးနွယ်၊ ကမ္ဘာ့လယ် ဝင့်ထည်မြင့်၍ တင့်ပါစေ။ ကိုယ့်မျိုးကိုယ့်စာ၊ ကိုယ့်မြို့ရွာ၊ ကိုယ်ပါချစ်၍ မြတ်နိုးကြပါစေ။ ကိုယ့်မိကိုယ့်ဖ၊ ဉာတတ္ထ များလုတာဝန် ယူနိုင်သူများဖြစ်ကြပါစေ။ သူများအကျိုးဆောင်၊ ကိုယ့်အကျိုးအောင်၊ နောက်နောင်ကျေးဇူး၊ သိနိုင်ကြပါစေဟူသော စုဒ္ဒသမရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီး၏ ဩဝါဒအမိဋ္ဌာန်ဆုတောင်းအတိုင်း နှစ်သစ်တွင်ပြည့်အောင် ဖြည့်ကြစေချင်သည်။

အနှစ်ချုပ်ဆိုရလျှင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော လူမျိုးမရွေး၊ ဘာသာမရွေး ပြည်သူလူထုအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြမည့် သာယာဝပြောသော အချိန်အခါသို့ ရောက်ရှိနိုင်ကြရန် ကြိုးစားကြပါစို့ဟူ၍ တိုက်တွန်းရေးသားလိုက်ရပေသည်။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး။

## စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြို စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက အမှတ်(၃၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြို စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် "လွတ်လပ်ရေးအောင်ပွဲ ဒို့ဆင်နွှဲ" ခေါင်းစဉ်ဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့် ကျောင်းသား၊ ကျောင်းသူ ၄၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အလင်းသစ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

## တိုင်းရင်းဆေးတက္ကသိုလ်၌ အလုပ်သင်ဆရာ၊ ဆရာမများ အလုပ်တာဝန်ပေးအပ်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ကေရာဇ်ခန်းမ၌ ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ၂၀၂၆ ခု ပညာသင်နှစ်အတွက် အလုပ်သင်ဆရာ၊ ဆရာမများ အလုပ်တာဝန်ပေးအပ်ပွဲ ကျင်းပသည်။

အလုပ်တာဝန်ပေးအပ်ပွဲတွင် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ သိန်းဇော်လင်းက အဖွင့်အမှာစကားနှင့် ဆုံးမဩဝါဒစကား ပြောကြားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်မြင့်သန်း၊ ဒုတိယပါမောက္ခချုပ်(သင်ကြား) ပါမောက္ခဌေးလွင်တို့က ဆုံးမဩဝါဒစကား အသီးသီး ပြောကြားကြပြီးနောက် မော်ကွန်းထိန်းက အလုပ်သင်တိုင်းရင်းဆေးဆရာ လက်စွဲစာအုပ်ပါ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပါမောက္ခ(ဌာနမှူး)များ၊ တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန ဌာနမှူး၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံ(မန္တလေး၊ ရန်ကုန်၊ နေပြည်တော်)တို့မှ ဆေးရုံအုပ်ကြီးများ၊ ဒုတိယဆေးရုံအုပ်များ၊ တိုင်းရင်းဆေးဝါးစက်ရုံမှူး၊ အလုပ်သင်ဆရာ၊ ဆရာမ ၃၄ ဦးတို့ တက်ရောက်ခဲ့ကြပြီး အလုပ်သင်တာဝန်များကို ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံများ(မန္တလေး၊ ရန်ကုန်၊ နေပြည်တော်)တို့တွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

(ဝ၇ဝ)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။




(ဓာတ်ပုံ)

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဇန်နဝါရီ ၁ရက်နှင့် ၂ရက်တို့တွင် နှစ်သစ်ကူးရုံးပိတ်ရက်များဖြစ်သောကြောင့် သက်သာဈေးရောင်းချမှု အစီအစဉ်ကို ရပ်နားထားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများအဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❑ ရှေ့ဖုံးမှ

ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်စဉ်ကတည်းက နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းရမယ့်လမ်းကြောင်းကို မျှော်မှန်းပြီး ဦးတည်ချက်တွေကို ခိုင်ခိုင်မာမာ ချမှတ်ကာ အကောင်အထည်ဖော်လျှောက်လှမ်းခဲ့ပါတယ်။ ဒီဦးတည်ချက်တွေ အောင်မြင်ဖို့ ပြည်သူများရဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြမှုနဲ့အတူ အခုဆိုရင်ကျွန်တော်တို့ ပြည်သူအားလုံး လိုလားတောင့်တလျှောက်လှမ်းလိုတဲ့ ပါတီစုံဒီမိုကရေစီပန်းတိုင်ကို လှမ်းမြင်နေရပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၂၈ ရက်နေ့က မြို့နယ်ပေါင်း ၁၀၂ မြို့နယ်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့တာဟာ သက်ဆိုင်ရာမြို့နယ်များမှာရှိတဲ့ ပါတီစုံဒီမိုကရေစီကိုချစ်မြတ်နိုးတဲ့ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်မှုကြောင့် ဖြစ်ပါတယ်။ တက်ကြွစွာ လာရောက်မဲပေးကြတဲ့ မဲဆန္ဒရှင်ပြည်သူပြည်သားအားလုံးကိုလည်း ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။ ရွေးကောက်ပွဲကို အပိုင်းလိုက် ကျင်းပနေတာဖြစ်တဲ့အတွက် ကျန်ရှိတဲ့ မြို့နယ်တွေက မဲဆန္ဒရှင်ပြည်သူများအနေနဲ့ မြန်မာနိုင်ငံသားတစ်ယောက်ရဲ့အခွင့်အရေးကို အပြည့်အဝအသုံးချပြီး ကျင်းပနေတဲ့ ရွေးကောက်ပွဲမှာ ပါဝင်မဲပေးကြဖို့လည်း လိုအပ်ပါတယ်။

၂၀၂၅ ခုနှစ်အတွင်းမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ ပြောင်းလဲမှုများစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ မိတ်ဆွေနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးကို တိုးမြှင့်တည်ဆောက်နိုင်ခဲ့သလို၊ ပြည်တွင်းထုတ်ကုန်တွေကို ပြည်ပဈေးကွက်ရရှိစေဖို့နဲ့ ပြည်တွင်းမှာ အဓိကလိုအပ်နေတဲ့ နေရာတွေမှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်လာစေဖို့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ရဲ့ ၁၀ နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားအပါအဝင် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုတွေကိုလည်း ဆောင်ရွက်နိုင်ခဲ့ပြီး ထာဝရငြိမ်းချမ်းရေးအတွက် အရေးပါတဲ့ အခြေခံအုတ်မြစ်တွေကို ချမှတ်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ အစိုးရကာလအတွင်း တွေ့ဆုံဆွေးနွေးမှုတွေကနေ ရရှိလာတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်မယ်ဆိုတဲ့ အချက်တွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှာ ပြင်ဆင်နိုင်ရေးအတွက် အချက် ၄၃ ချက်တို့ကို သဘောတူညီခဲ့ကြပြီးဖြစ်လို့ ဖြစ်ပေါ်လာမယ့် လွှတ်တော်မှာဆွေးနွေးပြီး ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်တာဝန်ယူစဉ်ကာလ တစ်လျှောက်လုံး နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ရွေးကောက်ပွဲပြီးတဲ့ကာလမှာ ထွက်ပေါ်လာမယ့်အစိုးရကို နိုင်ငံ့တာဝန်တွေ လွှဲပြောင်းပေးအပ်ပြီး ဒုတိယစာမျက်နှာကို အကောင်းဆုံးဖြစ်အောင် ထမ်းဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

ယခု ကူးပြောင်းရောက်ရှိတဲ့ ၂၀၂၆ ခုနှစ်ဟာ ကျွန်တော်တို့ နိုင်ငံအတွက် မင်္ဂလာရှိတဲ့ နှစ်သစ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြန်လည်တည်ဆောက်နိုင်မယ့်နှစ်လို့ ယုံကြည်ပါတယ်။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေတဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မယ့် နှစ်တစ်နှစ်ဖြစ်ပြီး တိုင်းရင်းသားပြည်သူအားလုံးရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမယ့်နှစ်လို့လည်း ယုံကြည်ပါတယ်။ ဒါ့ကြောင့် ၂၀၂၆ ခုနှစ်မှာ ကျွန်တော်တို့တစ်တွေဟာ နှစ်ဟောင်းက အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး နိုင်ငံနဲ့လူမျိုးကိုချစ်တဲ့စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တွေကို အခြေခံကာ အချင်းချင်းစည်းလုံးညီညွတ်မှု၊ နားလည်ယုံကြည်မှုများနဲ့ အောင်မြင်အောင် ကျော်လွှားသွားကြရပါမယ်။ ၂၀၂၆ ခုနှစ်ဟာ မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးရဲ့ အောင်ပွဲဖြစ်တဲ့ ဒီမိုကရေစီပန်းတိုင်ကိုအရောက်လှမ်းပြီး နိုင်ငံအတွက် သမိုင်းကောင်းအမွေကို လက်ဆင့်ကမ်းပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ယခုလို မင်္ဂလာရှိတဲ့ နှစ်သစ်ကူးအချိန်အခါသမယကစပြီး မြန်မာနိုင်ငံသူ နိုင်ငံသား၊ မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်မေတ္တာစေတနာထားပြီး ပြည်ထောင်စုကြီးရဲ့ ကောင်းကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ကြပါစေ၊ မှန်ကန်တဲ့အတွေးသစ်၊ အမြင်သစ်၊ ယုံကြည်ချက် ခံယူချက်အသစ်တွေနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနဲ့ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ကြပါစေ၊ ပျော်ရွှင်ချမ်းမြေ့စွာနဲ့ အေးချမ်းသာယာတဲ့ဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး နေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမောင်မောင်သန်း<br>ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေ<br>စစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>အလုပ်သမားဝန်ကြီးဌာန |
| (ခ) | ဦးမောင်မောင်ကျော်<br>ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ လတ်လတ်ဝင်း ကို အစမ်းခန့်ကာလ ( ၁ )နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မိုးစပါး(ဆာဖိုးသာ)ရိတ်သိမ်းနေမှုအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မကွေး ဒီဇင်ဘာ ၃၁**

မကွေးတိုင်းဒေသကြီးအတွင်း သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ၊ အသင်းအချင်းချင်းပံ့ပိုးငွေ၊ သက်တန့်ရောင်စီမံကိန်း ရန်ပုံငွေတို့ဖြင့် စီမံကိန်းသီးနှံများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ နံ့ဇူပင်ကျေးရွာ၊ နံ့ဇူပင်စိုက်/ထွေသမဝါယမအသင်းမှ အသင်းသား ဦးခင်မောင်ဝင်း၏ လယ် ၃ ဒသမ ၅ ဧကတွင် မိုးစပါး(ဆာဖိုးသာ) ရိတ်သိမ်းပြီးစီးမှု၊ ပန်းတိုင်အထွက်နှုန်းရရှိမှု ရှိ၊ မရှိတို့အား မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိတာရီထွန်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နံ့ဇူပင်စိုက်/ထွေ သမဝါယမအသင်းတွင် အသင်းသား ၉၀ ဦးတို့က မိုးစပါး(ဆာဖိုးသာ) ဧက ၂၂၂ စိုက်ပျိုးပြီး စိုက်ဧက တစ်ဧကလျှင် ငွေကျပ် ၃၀၄၅၀၀ တန်ဖိုးနှင့် ညီမျှသည့် မျိုးနှင့် သွင်းအားစုငွေကျပ် ၆၇ ဒသမ ၅၉၉ သန်းအား စီမံကိန်းအနေဖြင့် ထောက်ပံ့ခဲ့သည်။

အောင်လံမြို့နယ်အတွင်း သမဝါယမကဏ္ဍမှ သက်တန့်ရောင်စီမံကိန်းအနေဖြင့် အသင်း နှစ်သင်း၊ အသင်းသားတောင်သူ ၁၁၂ ဦး၊ စိုက်ဧက ၃၂၂ အတွက် သွင်းအားစုပံ့ပိုးငွေ စုစုပေါင်းငွေကျပ် ၁၀၁ ဒသမ ၀၉၄၂ သန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀

စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။





## နေပြည်တော်၌ ပြည်သူများ နှစ်သစ်ကို တစ်ခဲနက် ပျော်ရွှင်စွာ ကြိုဆိုကြ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြိုတေးဂီတဖျော်ဖြေပွဲကိုနေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်းအမှတ် ၁ နှင့် ၂ ၌ ဒီဇင်ဘာ ၂၈ ရက်မှ စတင်ကျင်းပလျက်ရှိရာ ယနေ့နှစ်သစ်ကူးညတွင် ပြည်သူများ၊ လူငယ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် ကွင်းပြည့်ကွင်းလျှံ လာရောက်ပါဝင်ဆင်နွှဲကြပြီး နှစ်သစ်ကို ပျော်ရွှင်စွာ အတူတကွ ကြိုဆိုကြသည်။

ထို့ပြင် နှစ်သစ်ကူး တေးဂီတဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလည်း တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ (အပေါ်ပုံ)

ယနေ့ နှစ်သစ်ကူး တေးဂီတဖျော်ဖြေပွဲ ဖျော်ဖြေရေးအစီအစဉ်တွင် Music Band ၊ DJ များနှင့် တွဲဖက်၍ နိုင်ငံကျော် အဆိုတော်များဖြစ်ကြသည့် ရဲရင့်အောင်၊ J FIRE ၊ အနှေးရ၊ ဂျူနီယာ ချစ်ကောင်း၊ ခိုင်မြသစ္စာ၊ နော်နော်၊ ဖြိုးကြီး၊ ဆုလှိုင်၊ AZALEA DANCER GROUP နှင့် ICE COLD တို့က ပရိသတ်အကြိုက် တေးသီချင်းများဖြင့် မြူးမြူးကြွကြွ သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထိုကဲ့သို့ နိုင်ငံကျော်အဆိုတော်များ၏ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် ဖျော်ဖြေမှုတွင် ပွဲတော်လာပရိသတ်များက စည်းချက်နှင့်အညီ လိုက်ပါသီဆိုကခုန်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့အတူ ပွဲတော်လာပြည်သူများသည် ၂၀၂၅ ခုနှစ် ကုန်ဆုံးမည့် ဒီဇင်ဘာ ၃၁ ရက် ည ၁၂ နာရီ မထိုးမီ နှစ်သစ်ကူး Countdown ကို တပျော်တပါး သံပြိုင်ရေတွက်ကြပြီး ည ၁၂ နာရီတိတိတွင် Happy New Year ဟု တညီတညွတ်တည်း သံပြိုင်ဟစ်ကြွေးကာ မီးရှူးမီးပန်းများ ပစ်ဖောက်မှုနှင့်အတူ ၂၀၂၆ ခုနှစ် နှစ်သစ်အခါသမယကို ပျော်ရွှင်စွာ စုပေါင်းကြိုဆိုကြသည်။

ပွဲတော်လာ ပြည်သူများအတွက် ဖျော်ဖြေရေးကွင်းအတွင်း၌ စားသောက်ဆိုင်များနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များ၊ ဒေသထွက်ကုန်များနှင့် ဒေသအစားအစာများကို ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသုံးကြသည့် ဖျော်ဖြေပွဲလာပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် အပျော်တမ်းဂိမ်းကစားကြသူများ၊ ချားရဟတ်စီးကြသူများ၊ Photo Booth များတွင် အမှတ်တရအလှဓာတ်ပုံရိုက်ကြသူများ၊ ပျော့အိကလေးကစားကွင်း၌ ပျော်ရွှင်စွာ ဆော့ကစားကြသည့် ကလေးငယ်များဖြင့် အထူးစည်ကားခဲ့သည်။

၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းဖြေပျော်ရွှင်စေရန်၊ စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်၊ နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာ ကြိုဆိုနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ ၂၀၂၆ ခုနှစ် နှစ်သစ်မင်္ဂလာ ကျင့်ဖွယ်ရာ



ယနေ့သည် ၂၀၂၅ ခုနှစ်ဟုဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၂၀၂၆ ခုနှစ်ဟု ဆိုအပ်သော ကမ္ဘာသူ ကမ္ဘာသားတို့၏ နှစ်သစ်သမယ အချိန်အခါသို့ ရောက်ရှိသည့် မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသော မင်္ဂလာရှိသော နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာအပေါင်း ခညောင်းပြည့်စုံ ကောင်းမြတ်သောဂုဏ်နှင့်ပြည့်စုံသော ကမ္ဘာ့နှစ်သစ် မင်္ဂလာ အချိန်ကာလ သမယမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် ကမ္ဘာသူ ကမ္ဘာသား၊ အများသူငါ သတ္တဝါအားလုံးတို့သည် ကျရောက်ဆဲ၊ ကျရောက်လတ္တံ့ဖြစ်သော ဘေးရန်အန္တရာယ်၊ ရန်စွယ်အပေါင်း၊ မကောင်းဟူသမျှ ပြစ်ဒေါသတို့မှ ကင်းစင်ပကြ၍ ကောင်းကျိုးအဖြာဖြာ လိုရာဆန္ဒအဝဝတို့နှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ပတ္ထနာမူ တောင်းဆုပြုလျက် -

**“ဖြဟ္မစိုရ်လေးဖြာ၊ တည်ကြခါမှ**
**သတ္တဝါဟူ၊ ဦးမည်းဖြူတို့**
**ရှင်လူခပင်း၊ ရောဂါကင်းလျက်**
**ဘေးရှင်းရန်ကွာ၊ ဆင်းအင်္ဂါနှင့်**
**ချမ်းသာခွန်အား၊ သက်ရှည်ပွားစေ၏”** ဟူသော

မဃဒေဝ လင်္ကာကြီး၌ မိန့်ဆိုထားသည်နှင့်အညီ ဗြဟ္မစိုရ်တရား လေးပါး လက်ကိုင်ထား၍ ပွားများနေထိုင်ကြကုန်သော ပုဂ္ဂိုလ်အပေါင်း တို့အား အနာရောဂါကင်းခြင်း၊ ဘေးရန်အန္တရာယ်မရှိခြင်း၊ ရုပ်ဆင်း အင်္ဂါနှင့်ပြည့်စုံခြင်း၊ ချမ်းသာခြင်း၊ ခွန်အားဗလကြီးမားခြင်း၊ အသက် ရှည်ခြင်းဟူသော အကျိုးတရားများကို ရရှိခံစားနိုင်ကြသဖြင့် ထိုပြဆိုအပ်ခဲ့ပြီးသော အကျိုးတရားများကို မြန်မာနိုင်ငံသူ နိုင်ငံသား များနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံးတို့ နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ ရရှိခံစားနိုင်ကြစေရန် -

- သူတစ်ပါးအား ချမ်းသာစေလိုခြင်း မေတ္တာ၊
- သူတစ်ပါးအား သနားကြင်နာခြင်း ကရုဏာ၊
- ချမ်းသာသော သုခိတသတ္တဝါကို မြင်လျှင် ကြည်လင်သောစိတ် ဖြင့် ဝမ်းမြောက်ခြင်း မုဒိတာ၊
- အသင့်အားဖြင့် အညီအမျှ ရှုဆင်ခြင်ခြင်း ဥပေက္ခာ ဟူသော

ဗြဟ္မစိုရ်လေးပါးမြတ်တရားကို နေ့စဉ်ပွားများ လက်ကိုင်ထား၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း မေတ္တာရေလောင်း၍ ဆုတောင်း ပတ္ထနာ ပြုအပ်ပါသတည်း။

# နိုင်ငံတော်ဩဝါဒါစရိယ၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ တိလောကာဘိဝံသ ဆရာတော်ဘုရားကြီး၏ ၂၀၂၆ ခုနှစ်အတွက် နှစ်သစ်ဆုတောင်း သဝဏ်လွှာ

ဒီနေ့ဟာ ၂၀၂၅ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၆ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအပါအဝင် ကမ္ဘာသူ ကမ္ဘာသားအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ၊ နှစ်သစ်မှစ၍ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး ကပ်ဘေးအပေါင်းတို့မှ ကင်းဝေးလို့ လိုရာဆန္ဒပြည့်ဝကြပါစေ၊ ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးဖြစ်ပါစေလို့လည်း အထူးဆုတောင်းမေတ္တာ ပို့သပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသား အပါအဝင် ကမ္ဘာသူ ကမ္ဘာသားတွေကို ဆရာတော် ပြောကြားလိုတာက နှစ်ဟောင်းက မကောင်းတဲ့ စိတ်ဓာတ်၊ အညစ် အကြေး၊ လုပ်ရပ်အညစ်အကြေးတွေ နှစ်ဟောင်းမှာထားခဲ့ပြီး နှစ်သစ် မှာ စိတ်ဓာတ်ရော၊ လုပ်ရပ်ရော အကောင်းဆုံးဖြစ်အောင် ကြိုးစားကြ ပါလို့ အထူးပဲ တိုက်တွန်းပါတယ်။ မင်္ဂလာအပေါင်းနှင့်လည်း ပြည့်စုံ ကြပါစေ။

မင်္ဂလာအပေါင်းနှင့် ပြည့်စုံဖို့ဆိုတာ ပါးစပ်ကပြောရုံနဲ့ မပြီးဘူး၊ တကယ့်လက်တွေ့ မင်္ဂလာရှိတဲ့ လုပ်ငန်းတွေ လုပ်ဖို့လည်း လိုအပ်တယ်။ မင်္ဂလာရှိတဲ့လုပ်ငန်းတွေ လုပ်တယ်ဆိုရာမှာ အချိန်ဆိုတာ တားထားလို့ ရတဲ့အရာမဟုတ်ဘူး။ **“အချိန်နှင့် ဒီရေသည် လူကိုမစောင့်”** ဆိုတဲ့ အတိုင်း အချိန်ဟာ စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ နာရီတိုင်း၊ နေ့ရက်၊ လတွေ၊ နှစ်တွေမှာ ကုန်ဆုံးသွားတာ၊ ရရှိတဲ့အချိန်မှာ မိမိအတွက် အကောင်းဆုံး ဖြစ်အောင် အကျိုးရှိအောင်၊ ကျန်အောင်ပြုလုပ်ဖို့ အရေးကြီးတယ်။ ပြုလုပ်တဲ့အခါမှာ မှတ်လို့လွယ်အောင် **“သင့်တွက် ရလာ၊ ချိန်အခါ၊ သင့်မှာ ကောင်းကျိုးကျန်ပါစေ။ အချိန်ရှိခိုက်၊ လုံ့လစိုက်၊ ယူလိုက် ကုသိုလ်၊ ပညာ၊ ဥစ္စာတွေ”** ဆိုတဲ့အတိုင်း အချိန်ဆိုတာ မိမိအတွက် ရလာတာကို မိမိကောင်းကျိုးကျန်ဖို့ အရေးကြီးတယ်။ ကောင်းကျိုး ကျန်ဖို့ဆိုတာ အချိန်တိုင်းမှာ ကုသိုလ်၊ ပညာ၊ ဥစ္စာ သုံးခုထဲက တစ်ခုခု ကိုလည်းကောင်း၊ သုံးခုလုံးကိုသော်လည်းကောင်း ရအောင်ယူနိုင်မှ အကျိုးရှိမှာဖြစ်တယ်။ အချိန်ကို အကျိုးရှိစွာအသုံးပြုနိုင်တဲ့ ပုဂ္ဂိုလ် တွေ ဖြစ်နိုင်ကြပါစေ။



မင်္ဂလာအပေါင်းနဲ့ ပြည့်စုံဖို့ဆိုတာ လက်တွေ့မှာ မင်္ဂလာတရား တော်ကို လိုက်နာကျင့်သုံးဖို့လည်း လိုအပ်တယ်။ ကြီးပွားကြောင်း၊ ချမ်းသာကြောင်း၊ အောင်မြင်ကြောင်း တရားတွေကို မြတ်စွာဘုရားက မင်္ဂလသုတ်ဒေသနာမှာ သုံးဆယ့်ရှစ်ဖြာမင်္ဂလာအနေနဲ့ ဟောကြားခဲ့ တာရှိတယ်။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာထဲက ပထမဆုံးမင်္ဂလာကို နမူနာအနေနဲ့ ပြောကြားလိုပါတယ်။

အသေဝနာ စ ဗာလာနံ- ၌ ဗာလကို-

၁။ ပညတ်အနေနှင့် ရှုမြင်မယ်ဆိုလျှင် လူဆိုးလူမိုက်ပုဂ္ဂိုလ်ဖြစ်သည်။

၂။ ရုပ်ပရမတ်အနေနှင့် ရှုမြင်မယ်ဆိုလျှင် ဆိုးမိုက်သော ကာယကံမှု၊ ဝစီကံမှု ဖြစ်သည်။

၃။ စိတ်၊ စေတသိက် နာမ်ပရမတ်အနေနှင့် ရှုမြင်မယ်ဆိုလျှင် ဆိုးမိုက် သော အကုသိုလ် စိတ်၊ စေတသိက် ဖြစ်သည်။

ဆိုးမိုက်သောပုဂ္ဂိုလ်ဖြစ်ရခြင်းမှာ ဆိုးမိုက်သော လုပ်ရပ်ကြောင့် ဖြစ်သည်။ ဆိုးမိုက်သောလုပ်ရပ် လုပ်သည်မှာလည်း ဆိုးမိုက်သော စိတ်ဓာတ်ကြောင့် ဖြစ်သည်။ ဆိုးမိုက်သော စိတ်ဓာတ်ကြောင့် ဆိုးမိုက် သောလုပ်ရပ် လုပ်ကြသည်။ ဆိုးမိုက်သောလုပ်ရပ် လုပ်သူကို ဆိုးမိုက် သောပုဂ္ဂိုလ်ဟု လောက၌ ခေါ်ဝေါ်သတ်မှတ်ကြသည်။ ဆိုးမိုက်သော စိတ်ဓာတ်များကို အဘိဓမ္မာ၌ အကုသိုလ်ဟုခေါ်သည်။ ဆိုးမိုက်သော လုပ်ရပ်များကိုတော့ မကောင်းမှုဒုစရိုက်ဟု ခေါ်သည်။ မကောင်းမှု ဒုစရိုက် ပြုလုပ်သူ၊ ကျူးလွန်သူကို လူဆိုး၊ လူမိုက်၊ လူယုတ်မာဟု လောက၌ ခေါ်ဝေါ်သတ်မှတ် ပညတ် ကြသည်။ ယင်းသို့ဖြစ်ခြင်းကြောင့် ဗာလဟူသည် ဆိုးမိုက် ယုတ်မာသော စိတ်ဓာတ်နှင့်လည်း ဆိုင်သည်၊ ဆိုးမိုက်ယုတ်မာသော လုပ်ရပ်နှင့်လည်း ဆိုင်သည်၊ ဆိုးမိုက်ယုတ်မာ သော ပုဂ္ဂိုလ်နှင့်လည်းဆိုင်သည်၊ ထို့အတူ ဖြူစင်သန့်ရှင်းသော စိတ်ဓာတ်ကြောင့် ဒါန၊ သီလ၊ ဘာဝနာစသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်၊ ကုသိုလ်ကောင်းမှုပြုလုပ်သူကို သူတော်စင် ပညာရှင် ဟု ခေါ်ဆိုကြသည်။

စိတ်ဓာတ်၊ လုပ်ရပ်၊ နှစ်ရပ်ပေါ်မှာ၊ ယုတ်၊ မြတ်ဟာ၊ တည်တာ အမှန်ဖြစ်။ စိတ်ဓာတ်၊ လုပ်ရပ်၊ မြင့်မြတ်ဖြူစင်၊ သူတော်စင်၊ ယုတ်လျှင် သူယုတ်မာ။

အသေဝနာ စ ဗာလာနံ- ဗာလကို မပေါင်းသင်းခြင်းမင်္ဂလာဖြစ်ဖို့ရာ အဘိဓမ္မာဒေသနာဖြင့် ရှုမြင်မည်ဆိုလျှင် -

၁။ ဆိုးမိုက် ယုတ်မာသောပုဂ္ဂိုလ်နှင့် မပေါင်းသင်းခြင်း၊ သူ့အတု မလိုက်ခြင်း၊

၂။ ဆိုးမိုက် ယုတ်မာသော မကောင်းမှု ဒုစရိုက်မှ ကိုယ်တိုင် ရှောင်ကြဉ် ခြင်း၊ မပြုလုပ်ခြင်း၊

၃။ ဆိုးမိုက် ယုတ်မာသော အကုသိုလ်စိတ်ဓာတ် ကိုယ်တိုင် မမွေးခြင်း ဟူသော အချက် သုံးချက်လုံးနှင့် ဆိုင်သည်။

ဤအချက် သုံးချက်လုံး ပြည့်စုံမှ အသေဝနာ စ ဗာလာနံ - ဗာလ ကို မပေါင်းသင်းခြင်းမင်္ဂလာ အပြည့်အစုံဖြစ်မည်၊ အသေဝနာ စ ဗာလာန မင်္ဂလာနှင့် ပြည့်စုံအောင် ဆိုးမိုက်တဲ့ စိတ်ဓာတ်တွေမမွေးနဲ့၊ ဆိုးမိုက်တဲ့လုပ်ရပ်တွေ မလုပ်နဲ့၊ ဆိုးမိုက်တဲ့ လူဆိုးလူမိုက် လူယုတ်မာ ကို မပေါင်းသင်းနဲ့၊ ဒါက နမူနာအနေနဲ့ ပြောလိုက်တာ။ ဒါ့ကြောင့် အသေဝနာ စ ဗာလာနံ- ဗာလ ကို မပေါင်းသင်းခြင်းမင်္ဂလာ လိုက်နာ ခြင်း၊ ကျန်သောမင်္ဂလာများကိုလည်း လိုက်နာခြင်းဖြင့် ၂၀၂၆ ခုနှစ်သစ် မှာ မင်္ဂလာပေါင်းနှင့်ပြည်စုံပြီး ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးဖြစ်နိုင်ပါစေ ကြောင်း နှစ်သစ်ဆုတောင်း သဝဏ်လွှာ မိန့်အပ်ပါသတည်း။

# အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ(အောင်ဆန်းဆရာတော်)၏ ၂၀၂၆ ခုနှစ်အတွက် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ယနေ့ ကမ္ဘာသုံး ခရစ်နှစ် ၂၀၂၅ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်သို့ နှစ်ပြောင်း သွားတဲ့ နှစ်သစ်မင်္ဂလာအချိန်အခါမှာ မြန်မာနိုင်ငံရှိဆရာတော်၊ သံဃာ တော်အရှင်သူမြတ်များနှင့်တကွ မြန်မာနိုင်ငံကို အုပ်ချုပ်နေသော အစိုးရမင်းများ၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းသူပြည်သား လူအများ တို့နှင့် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးသော ခုနစ်ရက်သားသမီးအပေါင်း တို့ ယနေ့နှစ်သစ်မင်္ဂလာအချိန်အခါမှာ

“ သုနက္ခတ္တံ သုမင်္ဂလံ
သုပ္ပဘာတံ သုဟုဋ္ဌိတံ
သုခဏော သုမုဟုတ္တော စ
သုယိဋ္ဌံ ဗြဟ္မစာရိသု”

ဟူသော ပုဗ္ဗဏှသုတ္တ ဒေသနာတော်ပါဠိနှင့် လျော်ညီစွာ ယနေ့ နှစ်သစ် မင်္ဂလာအချိန်အခါမှာ ကောင်းသောနက္ခတ်၊ ကောင်းသော မင်္ဂလာ၊ ကောင်းသောအချိန်အခါဖြစ်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာ၊ ကောင်းသောအချိန် အခါကိုယူ၍ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသား၊ နိုင်ငံကို အုပ်ချုပ်နေသော အစိုးရမင်းများနှင့် တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသားတို့ ယနေ့မှစ၍ ကောင်းစွာအိပ်စက်နိုင်ကြပါစေ၊ ကောင်း သော မိုးသောက်ခြင်းဖြင့် နိုးထနိုင်ကြပါစေ၊ နေ့စဉ်နေ့တိုင်းလည်း မသူတော်တရားတွေကင်းကြပြီး သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရားတွေ လက်ကိုင်ထားကျင့်သုံး နိုင်ကြပါစေ နိုးကြားနိုင်ကြပါစေဟူ၍ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။


နှစ်သစ်မှစ၍ မြန်မာနှင့်တကွ ကမ္ဘာသူ ကမ္ဘာသားများတို့ ဗုဒ္ဓမြတ်စွာ



ဟောကြားတော်မူတဲ့အတိုင်း ကံနဲ့ အကျိုးပေးကို ယုံကြည်ကြပါစေ၊ လက်ခံနိုင်ကြပါစေ၊ ကျင့်သုံးနိုင်ကြပါစေလို့ ဆန္ဒပြု ဆုတောင်းမေတ္တာ ပို့သပါတယ်။

စာမျက်နှာ ၅ သို့

# နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော်ကြီး၏ ၂၀၂၆ ခုနှစ် နှစ်သစ်ကူးဩဝါဒကထာ



သပ္ပုရိသအပေါင်း သူတော်ကောင်းတို့ တရားချစ်ခင်သူတော်စင်အပေါင်းတို့ ၂၀၂၅ ဆိုတဲ့ ကမ္ဘာသုံးနှစ် ခရစ်နှစ်တစ်ခု ကုန်သွားပြီးတော့ ယခု ၂၀၂၆ သို့ရောက်လာပြန်တယ်။ နှစ်ဟောင်းတစ်နှစ်တစ်နှစ် ကုန်လို့ နှစ်သစ်တစ်နှစ် တစ်နှစ်သို့ပြောင်းပြောင်းသွားတယ်ဆိုရင် ဘုန်းကြီးတို့ စဉ်းစားနေတာက သဘောပေါက်ကြဖို့ တစ်ခုပြောချင်တယ်။

ဘဝမှာနေဖို့ တစ်နှစ်ပြီးတစ်နှစ်နည်းသွားတယ်၊ သေမယ့်ဘက်ကို တစ်နှစ်ပြီးတစ်နှစ် နီးသွားကြပြီ၊ အဲဒီလို နှလုံးသွင်းပြီးတော့ ဘဝရဲ့ အနှစ်သာရကို ရအောင်ယူ။

ဘဝသံသရာကို ယုံကြည်တဲ့ ဗုဒ္ဓဘာသာတွေအနေနဲ့ ဘဝသံသရာ၊ ဘဝသစ်တစ်ခုကို လှလှပပ အေးအေးချမ်းချမ်းနေဖို့ အကျင့်ကောင်းတွေ စနစ်ကောင်းတွေ သူတော်ကောင်းတရားတွေ ရှာဖွေစုဆောင်းကြဖို့ အတွက် အဟောင်းကိုပစ်ထားခဲ့ပြီး အသစ်ကို စနစ်ကောင်းတစ်ခုနဲ့ ရှာဖွေစုဆောင်းကြဖို့ လိုမယ်ထင်တယ်။

ဒီနေ့တော့ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးတဲ့အခါသမယမှာ နေနည်းသုံးပါး ဒီစကားတစ်ခွန်းလောက် ပြောပြချင်တယ်။ ဘုန်းကြီးတို့ ပါဠိပိဋကတ်မှာ သုတ္တန်ပိဋကတ် ဒီဃနိကာယ်ကြီးတွေမှာ သုတ္တန်ကြီးတွေ မြတ်စွာဘုရားဟောတော်မူတဲ့အခါ ရာဇဂြိုဟ်ပြည် သာဝတ္ထိ ဇေတဝန်မှာနေတယ်၊ ကပိလဝတ်နဲ့ နိဂြောဓာရုံမှာနေတယ်၊ သတိပြုနားထောင်မိမယ်ဆိုရင် 'ဝိရဟတိ'ဆိုတာ သုတ္တန်တိုင်းရဲ့အစမှာ ပါတယ်။ ဝိရဟတိ ဘယ်လိုနေသလဲ၊ အိပ်နေသလား၊ ထိုင်နေသလား၊ စကားများနေသလား၊ ရန်ဖြစ်နေသလား၊ စီးပွားရေးလုပ်နေသလား၊ အဲဒါတွေ နေနည်းစနစ်ကို ဋီကာကျမ်းတွေမှာ ဖွင့်ပြတယ်၊ နေနည်းသုံးပါး၊ မြတ်စွာဘုရားက ဘယ်မှာပဲနေနေ၊ နေ့တိုင်း နေ့တိုင်း လောကကြီးကို ခြောက်ကြိမ် ကြည့်တော်မူတယ်။

နေ့သုံးကြိမ်၊ ညဉ့်သုံးကြိမ် ကမ္ဘာကြီးကို မြတ်စွာဘုရား ကြည့်တော်မူတယ်။ ဒီနေ့ ကမ္ဘာလောကကြီးမှာ ဘာတွေဖြစ်နေလဲဆိုတာ မြတ်စွာဘုရားက နေ့သုံးကြိမ်၊ ညဉ့်သုံးကြိမ် (၆)ကြိမ်ကြည့်ပြီးနေတော်မူတယ်။ တရားချစ်ခင်သူတော်စင်တွေ နိုင်ငံတော်ရဲ့အခြေအနေ၊ ကိုယ့်ပတ်ဝန်းကျင်ရဲ့ အခြေအနေ၊ လောကကြီးတစ်ခုလုံးရဲ့ အခြေအနေ၊ ကမ္ဘာလောကကြီး တစ်ခုလုံးကြီးရဲ့အခြေအနေတွေကို မြတ်စွာဘုရား ကြည့်တော်မူသလို ဘာတွေများ ဖြစ်နေကြပါသလဲ၊ ဒါကိုကြည့်ပြီး နေကြ။ ပတ်ဝန်းကျင်ရဲ့၊ နိုင်ငံတော်ရဲ့ ကမ္ဘာကြီးတစ်ခုလုံးရဲ့ သတ္တလောကကြီးတစ်ခုလုံးရဲ့ ဖြစ်နေတဲ့အခြေအနေတွေကို သေချာကြည့်ပြီး သေချာသိပြီးတော့နေမယ်ဆိုရင် နေတတ်တဲ့နေနည်းနဲ့ နေသွားကြမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေက ချမ်းသာစွာနေခြင်းကိုရတယ်။ သို့မဟုတ် ဘာနေရာက ဘာဖြစ်မှန်းမသိဘူး၊ ဘာမှလည်း မသိဘူး၊ မနေတတ်မထိုင်တတ်နဲ့ နေသွားကြရင် ဆင်းရဲပင်ပန်းစွာနေကြရတတ်တယ်။ ဒါကြောင့်လောကကြီးကို တစ်နေ့နဲ့ တစ်ညဉ့် (၆)ကြိမ်ကြည့်လိုက်တော့ (၁) မြတ်စွာဘုရား မြင်တော်မူတာက သတ္တလောကကြီးတစ်ခုလုံးက ကာမနဲ့ ပင်ပန်းကြတယ် ကာမဂုဏ်ငါးပါးနဲ့ လွန်ကျူးဖောက်ပြန်ဖောက်ပြန်သောအကျင့်ကိုကျင့်သုံးပြီး ဒီလိုသာနေနေကြရင် ဒီလောကကြီး ချမ်းသာစွာနေကြရမှာ မဟုတ်ဘူး။ တစ်ခုသောနေနည်းကို မြတ်စွာဘုရားက ဟောတယ်၊ ကာမဂုဏ်ဆိုတဲ့ကိစ္စက ယောကျ်ား၊ မိန်းမနှစ်ဦးသား ခံစားတာ တစ်ခုတည်း ကာမဂုဏ် မဟုတ်ဘဲ၊ စားစရာတွေလည်း ကာမဂုဏ်ပဲ၊ သောက်စရာတွေက ကာမဂုဏ်ပဲ။ နားထောင်စရာ၊ ကြည့်စရာဒါတွေလည်း ကာမဂုဏ်ပဲ၊ ဒီကနေ့ခေတ် ပိုများတယ်၊ ကာမဆိုတာ တဏှာ၊ အဲဒီအရာဝတ္ထုငါးမျိုးက ထိတွေ့စရာလည်း ကာမဂုဏ်ပဲ၊ အဲဒီကာမဂုဏ်တရားတွေကို တဏှာနဲ့ လွန်ကျူးစွာလိုက်စားပြီး နေနေကြမယ်ဆိုရင်တဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဆုံးမတော်မူတာက သမာဓိနဲ့နေကြ၊ ကာမဂုဏ်ကိုခုခံနိုင်သော ကာမစိတ်ကို တွန်းလှန်နိုင်သော သမာဓိနဲ့နေ၊ နတ်စည်းစိမ်ခံစားနိုင်သလောက်ကို ချမ်းသာမယ်။

ကာမဂုဏ်ကို လွန်ကျူးစွာလိုက်စား၊ မိုက်မှားနေတဲ့ ကမ္ဘာလောကကြီးကို တွေ့လို့ မြင်လို့ရှိရင် ကိုယ့်ပတ်ဝန်းကျင်ကိုကြည့်လို့ တွေ့ရင် မြင်ရင် သမာဓိသာခိုင်ခိုင်ထား၊ စိတ်ဓာတ်မခိုင်ရင် ကာမဂုဏ်နောက်လိုက်ပြီးတော့ ပင်ပန်းဆင်းရဲရတတ်တယ်။ ဒါကြောင့် ကာမဂုဏ်သောင်းကျန်းတဲ့ခေတ်မှာ သမာဓိနဲ့နေ၊ နတ်စည်းစိမ်ခံစား စံစားရသလောက်ကို ချမ်းသာမယ်၊ ဒါ နေနည်းတစ်ပါးပါ။

သတ္တဝါတို့သည် အာဏာတန်ခိုးအုပ်စိုးလိုချင်တဲ့စိတ် အာဏာတွေ ပါဝါတွေ အလွန်အကျူးလိုက်စားမိုက်မှားနေကြပြီဆိုရင် ခေတ်စကားအရပြောရင် အလွဲသုံးစားလုပ်နေကြပြီ၊ အလွန်အကျူး အာဏာကို သုံးစွဲနေကြပြီ၊ အာဏာပါဝါနောက်ကို လိုက်နေကြပြီဆိုရင် သတ္တလောကကြီး အလွန်ဆင်းရဲလိမ့်မယ်၊ အဲဒီအခါမှာ မြတ်စွာဘုရားကိုယ်တော်မြတ်က ဘယ်လိုနေရမလဲဆိုရင် အာဏာတန်ခိုးဖြစ်ဖို့ရန် အလို့ငှာ လူတွေ နတ်တွေ ဖောက်ဖောက်ပြန်ပြန် ကျင့်သုံးနေကြပြီဆိုရင် ဗြဟ္မဝိဟာရနဲ့ နေတဲ့။ အာဏာပါဝါအတွက် အလွန်အကျူး အလွဲသုံးစားတွေ ဖြစ်ကုန်ပြီဆိုရင်တော့ ဗြဟ္မဝိဟာရဆိုတဲ့ မွန်မြတ်တဲ့ နေခြင်းနဲ့နေ၊ အဲဒါ ဘာလဲဆိုရင် မေတ္တာနဲ့နေ၊ ဒေါသနဲ့ မုန်းတီးခြင်းကို ထိန်းချုပ်ပြီးနေတာကို 'ဗြဟ္မဝိဟာရ' လို့ခေါ်တယ်၊ မုန်းတီး၊ အာဃာတ ရန်ငြိုးတွေနဲ့ ပယ်ပြီး ဖြေဖျောက်ပြီးနေတာကို 'ဗြဟ္မဝိဟာရ' ခေါ်တယ်၊ မေတ္တာနဲ့နေတာ ဗြဟ္မဝိဟာရ မေတ္တာဆိုတာ စိတ်ဆိုးခြင်း၊ မုန်းတီးခြင်းတွေကို ပယ်ရှားပြီး အေးအေးချမ်းချမ်းနေတာကို ဗြဟ္မဝိဟာရခေါ်တယ်၊ လောကကြီးကို တစ်နေ့ (၆)ကြိမ် ဘုရားကြည့်သလိုကြည့်၊ ကမ္ဘာလောကမှာ အာဏာပါဝါအတွက် ဖောက်ဖောက်ပြန်ပြန် ကျင့်သုံးတာတွေကို တွေ့ပြီဆိုရင် ဒေါသ၊ ရန်ငြိုး၊ အာဃာတ၊ မုန်းတီးခြင်းတွေကို ထိန်းချုပ်ပြီး မေတ္တာနဲ့နေကြ၊ ဒါကို ဗြဟ္မဝိဟာရ ခေါ်ပါတယ်။

တတိယနေနည်းက အချိန်အခါအလိုက် ရဟန်းတော်တို့ရဲ့လောက၌ ဓမ္မကို ငြင်းခုန်ပြီး အဓိကရဏ်းတွေဖြစ်ပြီး ကွဲကွဲပြားပြားတွေ ဖြစ်နေကြတယ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့ သံဃာတော်အပါး ၅၀၀ က တညီတညွတ်တည်း ပိဋကတ်သုံးပုံမှာ တင်သွင်းအတည်ပြုပထမသင်္ဂါယနာမှာ သံဃာတော်အရှင်သူမြတ်တွေ ရာဇဂြိုဟ်မှာ အဇာတသတ်မင်းရဲ့အထောက်အပံ့နဲ့ သင်္ဂါယနာတင်တော့ ရာဇဂြိုဟ်မှာ ဝါမဆိုရလို့ အမိန့်ထုတ်တာရှိတယ်၊ ပိဋကတ်သုံးပုံကို အတည်ပြုမယ့်ကိစ္စ၊ ကန့်ကွက်မယ်၊ နှောင့်ယှက်မယ်၊ အလားအလာရှိတဲ့ အဓိပ္ပာယ်ဖော်ပြတဲ့ကိစ္စ ပေါ်လာတယ်၊ ပထမသင်္ဂါယနာထဲမှာကိုက မကောင်းတာမှန်သမျှ အကုန်လုပ်တဲ့ ခြောက်ပါး အုပ်စု၊ မြတ်စွာဘုရားကို သတ်ဖို့ကြံစည်တဲ့ ဒေဝဒတ်အုပ်စု၊ အဲဒီသံဃာတော်တွေရှိနေကြတယ်၊ ဒါကြောင့် ရာဇဂြိုဟ်မှာ သံဃာ ၅၀၀ မှတခြား သံဃာဝါမဆိုရလို့ သတ်မှတ်လိုက်တယ်။

ဝေသာလီမှာ ဒုတိယသင်္ဂါယနာတင်ရတဲ့အကြောင်းရင်းက ဒေဝဒတ်ရဲ့ တပည့်အုပ်စု ပိဋကတ်သုံးပုံကိုပြင်မယ်။ အားလုံး လုပ်လာကြတယ်၊ သံဃာတော် ၇၀၀ က ပထမသင်္ဂါယနာက သိက္ခာပုဒ်အငယ်စားလေး မူလအတိုင်းပဲထား၊ နုတ်ခြင်း၊ ဒုတိယ သင်္ဂါယနာကျတော့ ဖြုတ်ခြင်း၊ ထပ်ရေးခြင်းမလုပ်ရလို့၊ ဒုတိယသင်္ဂါယနာလည်းပြီးရော သံဃာဂိုဏ်းက (၁၈)ဂိုဏ်း ကွဲသွားတယ်၊ တတိယသင်္ဂါယနာမှာ မူလထေရဝါဒဂိုဏ်း နှစ်ဂိုဏ်းပဲ ပါဠိလိပုတ်မှာ ဝါဆိုစေ။ ဆန့်ကျင်ဘက်ဂိုဏ်းတွေ ပါဋလိပုတ်မှာ ဝါမဆိုရလို့၊ မကပ်ရလို့ နှင်ထုတ်လိုက်တယ်။

ဂိုဏ်းပေါင်း ၁၈ ဂိုဏ်းထဲက ၁၇ ဂိုဏ်း နှင်ထုတ်ခံရတယ်။ ထေရဝါဒဂိုဏ်း ၁ ဂိုဏ်းပဲ ဝါဆိုစေ၊ ၁၇ ဂိုဏ်းက မြောက်ပိုင်းကို ထွက်ပြေးသွားကြတယ်။ ဒါကြောင့် နိုင်ငံတွေ အနှံ့အားလုံးပြန့်ကျဲပြီး အဲဒီသံဃာတွေ ရောက်သွားကြတယ်။ သာသနာနှစ် ၅၀၀ ကျော်မှာ တစ်ကမ္ဘာလုံးရဲ့အခြေအနေကိုကြည့်လိုက်၊ ဘာသာရေးစစ်ပွဲတွေက ကမ္ဘာမှာ အလွန်သမိုင်းရှည်တဲ့ စစ်ပွဲကြီးတွေ အများကြီးပဲ။ ဗုဒ္ဓဘာသာက အဲဒီလို ၁၈ ဂိုဏ်းလောက်ကွဲသလို၊ ခရစ်ယာန်တွေလည်းကွဲတာပဲ၊ အစ္စလာမ်လဲကွဲတာပဲ ဟိန္ဒူဆို ပိုများတယ်။ အဲဒီလို ဘာသာရေးအငြင်းအခုန်တွေဖြစ်လာတော့ ဓမ္မအဓိကရဏ်းလို့ ဆိုချင်တယ်။ ဘာသာရေးငြင်းခုန်မှုတွေ ရှိလာရင် မြတ်စွာဘုရားက ဓမ္မ၊ အဓမ္မတွေ အကြောင်းပြုလို့ သံဃာတော်တွေရဲ့လောက ဘာသာရေးလောက ငြင်းကြခုန်ကြပြီဆိုရင် ငြင်းခုန်တဲ့ အထဲမပါနဲ့ မပါအောင် ဘယ်လိုနေမလဲဆိုရင် ပညာနဲ့နေ၊ ဒီအရာသည် ဟုတ်သလား၊ ဒီဝါဒသည် မှန်သလား၊ မှားသလားဆိုတာ သိတတ်တဲ့ အသိဉာဏ်ရှိရမယ်။

အသေးစိတ်သိတဲ့ဉာဏ်ကို ပညာလို့ခေါ်တယ်၊ ဘာသာရေးငြင်းခုန်မှုတွေပေါ်လာရင်တော့ အသိဉာဏ်ကြီးကြီးထားနေမှ ကောင်းမယ်၊ အသိဉာဏ်နဲ့ ပညာနဲ့နေတာကို 'အရိယ ဝိဟာရ' လို့ခေါ်တယ်၊ သူတော်ကောင်းတို့ရဲ့နေနည်း ထိုင်နည်းနဲ့နေ။

စာမျက်နှာ ၆ သို့

စာမျက်နှာ ၄ မှ

သတ္တဝါအားလုံးတိုင်းမှာ ကာယကံ၊ ဝစီကံ၊ မနောကံတွေ ရှိကြပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံတွေမှာ ကောင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံရှိသလို ဒါတွေကကောင်းတဲ့ အကျိုးကိုပေးသလို မကောင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေလည်း မကောင်းတဲ့အကျိုးကို ပေးတတ်ပါတယ်။

ကံသုံးပါးတွင် ကိုယ်အမူအရာအားဖြင့် ကာယကံ ကောင်းတဲ့ ကိုယ်အမူအရာလုပ်ရင် ကောင်းတဲ့ကံဖြစ်ပါတယ်။ ဝစီကံကောင်းတာတွေလုပ်ရင် ကောင်းတဲ့ကံဖြစ်တယ်။ စိတ်ကလည်း ကောင်းတာတွေကြံရင် ကောင်းတာတွေဖြစ်တယ်။ တစ်ဖက်ကလည်း ကောင်းတဲ့အကျိုးတွေပေးပြီး ချမ်းသာမှုရသလို၊ မကောင်းတွေလုပ်ရင် မကောင်းတာတွေ ဖြစ်ကြပါတယ်။

ကောင်းမှု၊ မကောင်းမှုဆိုတာက ကာယကံရှင်ပုဂ္ဂိုလ်တိုင်းပေါ်မှာ မူတည်တယ်။ ဘုန်းကြီးတို့ ဆန္ဒပြုဆုတောင်းတာကတော့ ကောင်းတာတွေလုပ်ရင် ကောင်းတာတွေဖြစ်ကြပါစေ၊ ကောင်းတာတွေပြောတဲ့အတွက် ကောင်းတာတွေဖြစ်ကြပါစေ၊ ကောင်းတာတွေ ကြံစည်တဲ့အတွက် ကောင်းတဲ့အကျိုးတွေပေးကြပါစေ၊ မကောင်းတဲ့ ကာယကံတွေမပြုဘဲ မကောင်းကျိုးကိုပယ်ရှား၍ မကောင်းတဲ့ဝစီကံကိုမပြောမိဘဲနဲ့ မကောင်းကျိုးတွေကို ပယ်ရှား၍ မကောင်းတဲ့ မနောကံတွေကို မကြံစည်မိသည့်အတွက် မကောင်းတဲ့အကျိုးကို မပေးကြပါစေနဲ့၊ မကောင်းတဲ့ကာယကံ၊ ဝစီကံ၊ မနောကံတွေကိုမကျူးလွန်နိုင်ပါစေနဲ့၊ ကျူးလွန်မိရင် မကောင်းကျိုးတွေရရှိမှာဖြစ်သည့်အတွက် မကောင်းတာတွေမဖြစ်ကြပါစေနဲ့လို့ ဆုတောင်းမေတ္တာပို့သပါတယ်။ တစ်ဖက်ကလည်း ကောင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေ ဆောင်ရွက်မိကြသည့်အတွက် ကောင်းကျိုးချမ်းသာတွေရရှိကြပါစေ၊ ဒါတွေက ပုဂ္ဂိုလ်တိုင်းနဲ့ဆိုင်တယ်။ လူမျိုး ဘာသာနှင့်မဆိုင်၊ ပုဂ္ဂိုလ်တိုင်းနှင့် ဆိုင်သည့်အတွက် သတ္တဝါတိုင်း လူ၊ နတ်၊ ဗြဟ္မာတွေအားလုံးမှာ ကံသုံးပါးရှိသည့်အတွက် အဲဒီကံတွေအပေါ် ကောင်းတဲ့အကျိုးချရင် ကောင်းတဲ့အကျိုးတရားတွေ ရပါတယ်။ နှစ်ဦးမင်္ဂလာမှာ မြန်မာနိုင်ငံသူ နိုင်ငံသား တိုင်းသူပြည်သားအားလုံး ကောင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကြောင့် ကောင်းကျိုးတွေရကြပါစေ၊ မကောင်းတဲ့ ကာယကံ ၊ဝစီကံ၊ မနောကံတွေ ကြောင့်မကောင်းကျိုးမဖြစ်ကြပါစေနဲ့၊ တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသားအပေါင်းကို ဆုတောင်းမေတ္တာ ပို့သပါတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိဩတ္တပ္ပ ဆိုတဲ့ သူတော်ကောင်းတရားတွေနဲ့ အမြဲမပြတ် ပျော်မွေ့ကြပါစေ၊ မသူတော်တရားတွေ ပယ်ဖျောက်ကြပါစေ၊ သူတော်ကောင်းတရားတွေ လက်ကိုင်ထားပြီး ကျင့်သုံးပွားများခြင်းဖြင့် ကောင်းတဲ့အကျိုးတရားတွေ ရကြပါစေ။

နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကို ဒိဋ္ဌိ ဝိဋ္ဌိကိစ္စတွေ ပယ်ခွာပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးချမ်းသာတွေရရှိကြပါစေလို့ နှစ်ဦးမင်္ဂလာမှာဆုတောင်း မေတ္တာပို့သပါတယ်။ ယနေ့ မြန်မာနိုင်ငံတော်ကြီးသည် ထေရဝါဒတိုင်းပြည်ဖြစ်သည့်အတွက် တရားမိုးတွေ ရွာသွန်းဖြိုးတဲ့ တိုင်းပြည်ဖြစ်တဲ့အတွက်ကြောင့် တစ်နိုင်ငံလုံး အစိုးရမင်းများနဲ့တကွ တိုင်းသူပြည်သား ခုနှစ်ရက်သားသမီးအပေါင်းတို့သည် တရားရေအေးကို သောက်ချိုးနိုင်ကြပါစေ၊ တရားတွေပွားများ အားထုတ်နိုင်ကြပါစေ။

၂၀၂၅ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်ကို နှစ်ကူးသွားတဲ့နှစ်သစ်မင်္ဂလာ အချိန်အခါမှာ မြန်မာနိုင်ငံသူ နိုင်ငံသား တိုင်းသူပြည်သား၊ ကမ္ဘာသူ ကမ္ဘာသားအပေါင်းသည် ကောင်းတာတွေဖြစ်၍ မကောင်းတာတွေ မဖြစ်ကြဘဲ ကောင်းကျိုးတွေရပြီး မကောင်းကျိုးတွေမရကြဘဲ ဒိဋ္ဌိဝိစိကိစ္ဆာပယ်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်တဲ့ အကျင့်ကောင်းများကိုလည်း ကျင့်ကြံပွားများအားထုတ်နိုင်ကြပါစေ။

ကျင့်ကြံပွားများအားထုတ်၍လည်းပဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေ၊ နှစ်သစ်မင်္ဂလာအချိန်အခါမှာ မြန်မာနိုင်ငံတော်ရှိ တိုင်းသူပြည်သား အစိုးရမင်းများနှင့်တကွ ကမ္ဘာသူ ကမ္ဘာသားအားလုံးကို ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်။

စာမျက်နှာ ၅ မှ

ဒီကနေ့ နှစ်သစ်မှာ နေနည်းသုံးပါး၊ ကာမဂုဏ်သောင်းကျန်းတဲ့ ခေတ်မှာ သမာဓိ ခိုင်ခိုင်ထားနေ၊ အာဏာပါဝါအတွက် အလွန်အကျူး ကျင့်သုံးကုန်ကြပြီဆိုရင် အာဏာတန်ခိုးအစိုးရဖို့ လွန်လွန်ကဲကဲ ကျင့်သုံးကုန်ကြပြီဆိုရင် မေတ္တာနဲ့နေကြ၊ ဘာသာရေးငြင်းခုန်မှုတွေ များလာရင် အသိဉာဏ်ရှိမှ ငြင်းခုန်ပွဲထဲ မပါဘဲဖြစ်မယ်၊ အသိပညာနဲ့ ဆင်ခြင်သုံးသပ်၍နေကြ။

တရားချစ်ခင်သူတော်စင်အပေါင်းတို့ မြတ်စွာဘုရားက ကမ္ဘာလောကကို တစ်နေ့ (၆)ကြိမ်ကြည့်သလို မျက်စိ၊ နားဖွင့်ပြီး နားလည်းစွင့် မျက်စိလည်းဖွင့် ကမ္ဘာကြီးရဲ့ အခြေအနေတွေကို မျက်စိနဲ့ကြည့်၊ နားနဲ့နားထောင်ပြီးမှ နေတတ်အောင်နေကြ၊ ကာမဂုဏ် သောင်းကျန်းတဲ့ခေတ်မှာ သမာဓိနဲ့နေ၊ အာဏာပါဝါတွေအလွန်အကျူးတွေ ဖြစ်ကုန်ကြပြီ ဆိုရင်တော့ မေတ္တာနဲ့နေ၊ မုန်းတီးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ခိုက်ရန်ပွားခြင်း တွေပယ်တာက မေတ္တာ။

မုန်းတီးမှုမှန်သမျှ၊ စိတ်ဆိုးမှုမှန်သမျှကို အကုန်ပယ်ရှားပြီးတော့ နေတာက 'ဗြဟ္မ ဝိဟာရ' ခေါ်ပါတယ်၊ ဘာသာရေးငြင်းခုန်မှုတွေက လည်း ဘာသာတရားတိုင်းမှာ ရှိတယ်။

ဓမ္မနဲ့ အဓမ္မ ငြင်းကြ ခုန်ကြပြီဆိုရင် အသိဉာဏ်/ပညာကြီးကြီးနဲ့နေမှ ငြင်းခုံပွဲက လွတ်မြောက်မယ်၊ ငြင်းခုံပွဲကလွတ်ပြီး ချမ်းသာစွာ နေရမယ်၊ အဲဒီနေနည်းသုံးပါးကို မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။ ဒါကြောင့် ဒီကနေ့ နှစ်ဟောင်းက ကုန်လာခဲ့ပြီ၊ မှားယွင်းတာတွေရှိရင် ပြန်ပြင်ဖို့မရတော့ဘူး။ အနာဂတ်နှစ်သစ်မှာ အားလုံးချမ်းသာစွာနေတတ်ဖို့၊ (၁)သမာဓိထူထောင်ရမယ်၊ (၂) မေတ္တာ၊ ကရုဏာတရား လက်ကိုင်ထားရမယ်၊ (၃)အသိဉာဏ်ပညာ လက်ကိုင်ထားရမယ်၊ ဒီတရားသုံးပါးလက်ကိုင်ထားပြီးနေတတ်ရင် အားလုံးချမ်းသာကြမယ်ဖြစ်ပါတယ်။

မြတ်စွာဘုရား ဘယ်မှာပဲနေနေ၊ တစ်နေ့ (၆)ကြိမ်ကြည့်ပြီးတော့ ချမ်းသာစွာ နေသွားသလို၊ အားလုံးနေနိုင်ကြပါစေလို့ အားလုံးချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေလို့ မေတ္တာပို့ရင်းနဲ့ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးတဲ့ ဒီကနေ မေတ္တာနဲ့နှုတ်ဆက်ပါတယ်။

သီတဂူစန်းလပမာ ချမ်းမြသာယာ ရှိတော်မူကြပါစေ။

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ ၂၀၂၆ ခုနှစ်အတွက် နှစ်သစ်ကူး ဩဝါဒကထာ



နိုင်ငံတကာ ၂၀၂၆ ခုနှစ် နှစ်သစ်ကူးနေ့မှာ ပြောပြလိုတဲ့စကား ရှိပါတယ်။

ဗုဒ္ဓမြတ်စွာသာသနာတော်ရ အဆုံးအမအရ လောကကြီးမှာ ဆင်းရဲမျိုးစုံရှိသလို လောကချမ်းသာမျိုးစုံလည်း ရှိကြပါတယ်။

လောကချမ်းသာ မျိုးစုံရဖို့အတွက် ဗဟုသုတရှိကြပါ၊ ဗဟုသုတရှိရင် ပညာဉာဏ်တိုးတယ်၊ ပညာတိုးရင် ချမ်းသာကိုရအောင် ဆောင်ရွက်နိုင်တယ်။ ဒါ့ကြောင့် ဗဟုသုတရှိအောင် ရှာမှီးကြပါ။

ရှေးတုန်းကတော့ တစ်ဆင့်စကားတစ်ဆင့်နားနဲ့ဖြစ်စေ၊ ဆရာသမားတွေ မိဘ အဘိုး အဘွားတွေဆုံးမတာကနေ ဗဟုသုတရတယ်၊ ဆရာတော်၊ သံဃာတော်အရှင်မြတ်တွေ ဆုံးမတာကနေ ဗဟုသုတရကြတာပေါ့။

နောက်ကြတော့ ပေစာ၊ ကျမ်းစာ၊ ကျောက်စာတွေ၊ နောက်စာအုပ်တွေကနေ စာတွေကို ဖတ်ကြမှတ်ကြလို့လည်းပဲ ဗဟုသုတတွေ တိုးကြတယ်။ ဗဟုသုတတိုးမှလည်း ပညာဉာဏ်တွေ တိုးကြတယ်။

ဗဟုသုတတွေ တိုးလာတဲ့အတွက် ဗဟုသုတဉာဏ်တွေ တိုးတယ်၊ စဉ်းစားတွေးခေါ်တတ်တဲ့ဉာဏ်တွေတိုးတယ်၊ သဘောပေါက်နားလည်ပြီးတော့ အချင်းချင်းနားလည်ပေးနိုင်တဲ့ဉာဏ်တွေ တိုးလာတာပေါ့။

အခုခေတ်နဲ့ ပြောရရင်တော့ အတန်းပညာတွေသင်ကြ၊ အတန်းပညာတွေထဲမှာ ဗဟုသုတရစရာတွေက အများကြီးပဲ။ လောကမှာ အတွေ့အကြုံတွေထဲက ဗဟုသုတကိုရအောင်ယူကြရသလို အတန်းပညာတွေထဲကလည်း ဗဟုသုတတွေကို ရအောင်ယူကြရတယ်။ Education ပညာရေးဆိုတာက မွေးကတည်းကနေ သေတဲ့အထိ သင်ယူကြရတဲ့ပညာပေါ့။

အတန်းပညာတွေသင်တဲ့အခါ အတတ်ပညာတွေ၊ အသိပညာတွေ တတ်သိလာကြရတယ်။ အဲဒီလို တတ်လာသိလာတဲ့အခါ လုပ်ကိုင်ဆောင်ရွက်တတ်ပြီး လူတော်တွေဖြစ်လာကြသလို အသိပညာတွေ ရလာတဲ့အခါ လူကောင်းတွေ ဖြစ်လာကြတယ်။

အတတ်ပညာသမားတွေကလည်း လူတော်တွေဖြစ်လာပြီး လုပ်ကိုင်ဆောင်ရွက်တာနဲ့ ပတ်သက်ပြီး **"ကောင်း၏၊ မကောင်း၏၊" "အကျိုးရှိ၏၊ မရှိ၏၊"** နားလည်လာတယ်။ လူကောင်းတွေကြတော့လည်း အကြောင်းအကျိုး၊ အကောင်းအဆိုးတွေကို နားလည်ပြီး လူကောင်းတွေ ဖြစ်လာကြတယ်။

ဗဟုသုတက သင်ယူမှုကနေရရှိတဲ့ အသိပညာ၊ အတတ်ပညာတွေက နည်းနည်းသိရင် နည်းနည်းသိသလောက်၊ နည်းနည်းတတ်ရင် နည်းနည်းတတ်သလောက်၊ မိမိအတွက်ရော၊ အများအတွက်ရော ကောင်းကျိုးချမ်းသာတွေရအောင် ဆောင်ရွက်နိုင်တယ်။ ကြီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်တယ်။

ကြီးပွားတိုးတက် အောင်မြင်ကြတဲ့သူတွေက အသိပညာ၊ အတတ်ပညာတွေသိသွားတတ်သွားကြတာကြောင့်မိမိအကျိုးချမ်းသာကိုရော၊ သူများတွေရဲ့ အကျိုးချမ်းသာကိုရော ဆောင်ရွက်နိုင်ကြပါတယ်။

မိမိတို့ငယ်စဉ်ကတည်းက ဘုန်းဘုန်းတို့အနေနဲ့ ပညာတတ်အောင် သင်ယူဖို့ မိမိတို့ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်တဲ့ မျက်စိ၊ နား၊ ပါးစပ်ကို အလကားမထားဘဲ အသုံးပြုခဲ့ကြတယ်။ အဲဒီလိုမျိုးအားလုံးက ပညာတတ်အောင် အသိပညာတိုးအောင် ဆောင်ရွက်ကြစေချင်တယ်။

တတ်နိုင်သမျှ ဆောင်ရွက်ခဲ့ကြတဲ့အခါ **"ကြောင်လည်း ကြောင်အထွာ၊ ကျားလည်း ကျားအထွာ"**ပေါ့။ အသိပညာ၊ အတတ်ပညာတွေ ရှိသွားရင် လုပ်တတ်ကိုင်တတ်တဲ့အတွက် ကောင်းကျိုးချမ်းသာကို ဆောင်ရွက်နိုင်သလို နားလည်မှုတွေရှိတဲ့အတွက် မည်သူကိုမျှ ပြဿနာဖြစ်အောင် မလုပ်တော့ဘူး။ မိမိကိုယ်တိုင်လည်း ပြဿနာ ဖြစ်အောင် မနေတော့ဘူး။ ပြဿနာကင်းအောင် နေတတ် ထိုင်တတ်လာတယ်။

အဲဒီလိုအနေနဲ့ လူတိုင်းလူတိုင်းက မိမိနေထိုင်တဲ့ အိမ်၊ ရွာ၊ ရပ်ကွက်၊ မြို့၊ နိုင်ငံ၊ ကမ္ဘာ စတဲ့ ပတ်ဝန်းကျင်ကို စွမ်းနိုင်သမျှ ကောင်းအောင် ချမ်းသာအောင် ဆောင်ရွက်ကြစေချင်တယ်။ မိမိတို့ နေထိုင်တဲ့ ဒီလူ့လောကကြီးကိုလည်း မိမိတို့ပဲ ကောင်းမွန်အောင် ချမ်းသာအောင် အကျိုးရှိအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အဲဒီလို ဆောင်ရွက်နိုင်ဖို့အတွက်ကို အတတ်ပညာရှင် အသိပညာရှင်တွေကသာ လုပ်ကိုင်ဆောင်ရွက်နိုင်ကြပါတယ်။ ဒီလိုလုပ်ကိုင်နိုင်ဖို့အတွက် မျက်စိနဲ့ နားကိုအသုံးချပြီး ဗဟုသုတရအောင် သင်ယူကြစေချင်တယ်။ အဲဒီလိုဆောင်ရွက်ခြင်းကို အတ္တဟိတလို့လည်း ခေါ်ပါတယ်၊ ပရဟိတလို့လည်း ခေါ်ပါတယ်။

ဘုန်းတော်ကြီးမြတ်စွာဘုရား မိန့်တော်မူတဲ့ လူသားတွေကျင့်ရမဲ့ ကျင့်စဉ်တရားက ဒါပါပဲ။ ကိုယ့်အကျိုး အများအကျိုးသယ်ပိုးတာက ပါရမီဖြည့်တယ်ဆိုတာပါပဲ။

ယခု နှစ်သစ်ကူးအခါသမယမှာ မိမိကောင်းကျိုး၊ အများကောင်းကျိုး၊ မိမိနိုင်ငံကောင်းကျိုး၊ တစ်ကမ္ဘာလုံးကောင်းကျိုးအတွက် ဆောင်ရွက်နိုင်အောင် အသိဉာဏ်ပညာမျိုးစုံကိုရရှိအောင် စတင်ဆောင်ရွက်ကြရင်းနဲ့ မိမိသူတစ်ပါး အားလုံးအတွက် ကောင်းကျိုးချမ်းသာမျိုးစုံရကြရအောင် ဆောင်ရွက်နိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ။

# လိပ်ပြာကန်ကျောင်းတိုက်၊ နန္ဒာအောင်မြေကျောင်း ဦးစီးပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တ နိမလ ၏ ၂၀၂၆ ခုနှစ်အတွက် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ယနေ့ဟာ တစ်ကမ္ဘာလုံးအများသုံးဖြစ်သည့် ခရစ်နှစ် ၂၀၂၆ ခုနှစ်၏ နှစ်သစ်မင်္ဂလာ အခါသမယနေ့ ဖြစ်ပါသည်။ ယခု ၂၀၂၆ ခုနှစ်၏ နှစ်သစ်မင်္ဂလာ အခါသမယနေ့မှစ၍ မြန်မာနိုင်ငံရှိ ရဟန်းရှင်လူ ပြည်သူများအပါအဝင် လူမျိုးဘာသာမရွေး၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျန်းမာ၊ ချမ်းသာ၊ ဘေးရန်ကွာ၍၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နှစ်သစ်ဖြစ်ပါစေဟု အထူးမေတ္တာ ပို့သအပ်ပါသည်။

"ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။"

ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည် ဂဠုန်ပြည် အစရှိသည်၌လည်းကောင်း၊ နတ်ပြည်၌လည်းကောင်း နှစ်သက်မြတ်နိုးအပ်သော အလုံးစုံသော ရတနာသည်ရှိ၏။ ထိုရတနာတို့တွင် မြတ်စွာဘုရားနှင့် တူမျှသော ရတနာသည်မရှိ၊ ဤမြတ်စွာဘုရားသည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသော သစ္စာစကားကြောင့် တစ်ကမ္ဘာလုံး ချမ်းသာအေးမြစွာဖြင့် ထာဝရ ကမ္ဘာ့ငြိမ်းချမ်းရေးပန်းများ ပွင့်လန်းဖြာဝေ မွှေးကြိုင်လန်းဆန်းနိုင်ပါစေ။



"ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။"

ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည် ဂဠုန်ပြည် အစရှိသည်၌လည်းကောင်း၊ နတ်ပြည်၌လည်းကောင်း နှစ်သက်မြတ်နိုးအပ်သော အလုံးစုံသောရတနာသည်ရှိ၏။ ထိုရတနာတို့တွင်မြတ်စွာဘုရားတရားတော်နှင့်တူမျှသော ရတနာသည်မရှိ၊ ဤမြတ်စွာဘုရား တရားတော်သည်သာလျှင် လောကီရတနာအဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏။ ဤသို့ မှန်စွာ ဆိုရသော သစ္စာစကားကြောင့် တစ်ကမ္ဘာလုံး ချမ်းသာအေးမြစွာဖြင့် ထာဝရကမ္ဘာ့ငြိမ်းချမ်းရေးပန်းများ ပွင့်လန်းဖြာဝေ မွှေးကြိုင်လန်းဆန်းနိုင်ပါစေ။

"ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။"

ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည် ဂဠုန်ပြည် အစရှိသည်၌လည်းကောင်း၊ နတ်ပြည်၌လည်းကောင်း နှစ်သက်မြတ်နိုးအပ်သော အလုံးစုံသော ရတနာသည်ရှိ၏။ ထိုရတနာတို့တွင် မြတ်စွာဘုရား တပည့်သား၊ သံဃာတော်များနှင့်တူမျှသော ရတနာသည်မရှိ၊ ဤမြတ်စွာဘုရား၏ သားတော်သံဃာသည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီးဖြစ်တော်မူ၏။ ဤသို့ မှန်စွာဆိုရသောသစ္စာစကားကြောင့် တစ်ကမ္ဘာလုံး ချမ်းသာ အေးမြစွာဖြင့် ထာဝရကမ္ဘာ့ငြိမ်းချမ်းရေးပန်းများ ပွင့်လန်းဖြာဝေ မွှေးကြိုင်လန်းဆန်းနိုင်ပါစေဟု နှစ်သစ်ကာလအခါသမယမှာ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေဟု ဆုတောင်း မေတ္တာ အထူး .... ပို့သအပ်ပါသည်။

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော**
**ဆေးဝါးများဆိုင်ရာ ဥပဒေကို**
**ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**( အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေ**
**အမှတ် ၁၇ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတွင်ပါရှိသော "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "ကျန်းမာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မ ၁၆ ပုဒ်မခွဲ(က) တို့တွင်ပါရှိသော "ကိုကားပင်" ဆိုသည့် စကားရပ်ကို "ကိုကပင် (Coca)" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဓ)၏ နောက်တွင် ပုဒ်မခွဲ(န)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"( န ) **ထောင်ဒဏ်တစ်သက်** ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူကို အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကိုဆိုသည်။"

၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( စ ) ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးနှင့် စပ်လျဉ်း၍ စီမံချက်များချမှတ်ပြီး စည်းရုံးလှုံ့ဆော်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သင့်လျော်သော ကူညီထောက်ပံ့မှုများပေးခြင်း၊ ကောင်းမွန်သောလူနေမှုဘဝသို့ ပြန်လည်ရောက်ရှိစေရန် ပြန်လည်ထူထောင်ရေးသင်တန်းများဖွင့်လှစ်၍ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊"

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ဋ)၏ နောက်တွင် ပုဒ်မခွဲ(ဌ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"( ဌ ) အခြားလိုအပ်သော လုပ်ငန်းအဖွဲ့များ။"

၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ခ)၊ (ဆ) နှင့် (ဈ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ဆေးဝါးသုံးစွဲသူအား ဆေးကုသပေးရေးနှင့် ဆေးကုသမှုပြီးဆုံးပါက သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းသို့ လွှဲပြောင်းပေးပို့ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော အစီအစဉ်များချမှတ် ဆောင်ရွက်ရမည်။

(ဆ) တရားရုံးသည် ဆေးဝါးသုံးစွဲသူက ပုဒ်မခွဲ(စ)အရ ချမှတ်သော အမိန့်နှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုခြင်းမပြုလျှင်ဖြစ်စေ၊ ချမှတ်သော ခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ ဆေးကုသမှုခံယူရေးနှင့် ပြုစုပျိုးထောင်ရေးတို့အတွက် ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းသို့ သုံးလ ပို့အပ်သည့် အမိန့်ချမှတ်ရမည်။

( ဈ ) ကျန်းမာရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ရောက်ရှိသော ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးကာလအတွင်း လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်ယူကုသပေးရမည်။"

၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၁ ခြေဆင်းတွင်ပါရှိသော "ဆေးဝါးသုံးစွဲသူများ" ဆိုသည့်စကားရပ်ကို "မူးယစ်ဆေးဖြတ်ပြီး ပြန်လည်ထူထောင်မှုခံယူရမည့်သူများ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပြစ်မှုနှင့်သက်ဆိုင်သည့် မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါး၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ထုတ်လုပ်ရာ၌ အသုံးပြုသည့် ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့် ဓာတုပစ္စည်းများ၊ ငွေကြေး၊ ပစ္စည်း၊ ကိရိယာများကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးခြင်း၊"

၁၀။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၁၇-က တို့တွင်ပါရှိသော "ဆက်သွယ်ရေးလုပ်ငန်းများ" ဆိုသည့် စကားရပ်အစား "အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်း" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၁၄-က ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄-က။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေအရ ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက် မှတ်တမ်းများနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့က ထုတ်ဆင့်သည့် အမိန့်ရရှိလျှင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများမှ တာဝန်ရှိသူသည် ပြစ်မှုနှင့်သက်ဆိုင်သော မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် မိတ္တူကူးယူခြင်းတို့ကို ခွင့်ပြုရမည်။"

၁၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၅။ ဆေးဝါးသုံးစွဲသူသည် ပုဒ်မ ၉ ပုဒ်မခွဲ(ဆ)အရ ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့်ကာလအတွင်း သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် လူမှုအကျိုးပြုလုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လမ်းတံတားများ ပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့်ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ကြီးကြပ်သူရှေ့မှောက်၌ နှိမ့်ချခြင်း၊ ခွဲခြားဆက်ဆံခြင်းသဘောမသက်ရောက်သည့် သတ်မှတ်ထားသော ဝတ်စုံကို ဝတ်ဆင်လျက် တစ်ရက်လျှင် တစ်နာရီဖြင့် အနည်းဆုံး ၄၅ နာရီမှ အများဆုံးနာရီ ၉၀ အထိ ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့လုပ်ကိုင် ဆောင်ရွက်ရမည်။"

၁၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၁၉ ခြေဆင်းနှင့် ပုဒ်မ ၂၀ ခြေဆင်းတို့တွင်ပါရှိသော "နှစ်အကန့်အသတ်မရှိထောင်ဒဏ်" ဆိုသည့်စကားရပ်ကို "ထောင်ဒဏ်တစ်သက်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော "အသက် ၁၆ နှစ်" ဆိုသည့် စကားရပ်ကို "အသက် ၁၈ နှစ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"(က) ပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် ပြစ်မှုနှင့် သက်ဆိုင်သည့် မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါး၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ထုတ်လုပ်ရာ၌ အသုံးပြုသည့် ပစ္စည်းဖြစ်သည်ဟု ကြေညာထားသည့် ဓာတုပစ္စည်းများ၊ ငွေကြေး၊ ကိရိယာ၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ ယာဉ်၊ တိရစ္ဆာန်ကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့်အမိန့် ချမှတ်ရမည်၊"

၁၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၆။ မည်သူမဆို အောက်ဖော်ပြပါ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးကို ယင်းနှင့် ယှဉ်တွဲဖော်ပြထားသော အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်ဖြစ်စေ၊ ယင်းသတ်မှတ်ချက်ထက်ပို၍ဖြစ်စေ လက်ဝယ်ထားလျှင် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားသည်ဟုလည်းကောင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းဖြစ်လျှင် ရောင်းချရန်အလို့ငှာ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းဖြစ်သည်ဟုလည်းကောင်းမှတ်ယူရမည်-

(က) ဘိန်းဖြူ(ဟယ်ရိုးအင်း)ဖြစ်ပါက သုံးဂရမ်၊
( ခ ) မော်ဖင်းဖြစ်ပါက သုံးဂရမ်၊
( ဂ ) မက်အင်မ်ဖီတမင်း (METAMFETAMINE) ဖြစ်ပါက သုံးဂရမ်၊
(ဃ) ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ)တို့ပါ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးနှစ်မျိုး သို့မဟုတ် သုံးမျိုးပေါင်း သုံးဂရမ်၊
( င ) ဘိန်းမဲ သို့မဟုတ် ပြုပြင်ထားသော ဘိန်း သို့မဟုတ် ယင်းနှစ်ခုပေါင်းဖြစ်ပါက တစ်ရာဂရမ်၊
( စ ) ဘိန်းစာရွက်အခြောက် သို့မဟုတ် ဘိန်းစာမှုန့်ဖြစ်ပါက ၁ ဒသမ ၅ ကီလိုဂရမ်၊ ဘိန်းစာရွက်အစိုဖြစ်ပါက ၆ ကီလိုဂရမ်၊
(ဆ) ဆေးခြောက် သို့မဟုတ် ဆေးခြောက်အဆီ သို့မဟုတ် ယင်းနှစ်ခုပေါင်းဖြစ်ပါက တစ်ရာဂရမ်၊
( ဇ ) ကိုက(Coca) ရွက်ဖြစ်ပါက တစ်ရာဂရမ်၊
( ဈ ) ကိုကင်းဖြစ်ပါက သုံးဂရမ်၊
(ည) ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) နှင့် (ဈ)တို့တွင် ပါရှိသော ဆေးဝါးများနှင့် ကျန်းမာရေးဝန်ကြီးဌာနက ရောင်းချရန်အလို့ငှာမှတ်ယူနိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက် သတ်မှတ်ထားသော မူးယစ်ဆေးဝါးများ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများမှတစ်ပါး ကျန်မူးယစ်ဆေးဝါးများ သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဖြစ်ပါက သုံးဂရမ်၊
( ဋ ) ကျန်းမာရေးဝန်ကြီးဌာနက ရောင်းချရန်အလို့ငှာ မှတ်ယူနိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက် သတ်မှတ်ထားသော မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးပါ အရည်များမှ တစ်ပါး ကျန်မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးပါ အရည်များဖြစ်ပါက တစ်ရာမီလီလီတာ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

**အများအားဖြင့် သာယာမည်**

နေပြည်တော် ဒီဇင်ဘာ ၃၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မိုး/ဇလ

◆ စာမျက်နှာ ၂၄ မှ

ထို့ပြင် နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများကလည်း သက်ဆိုင်ရာ မဲရုံများသို့ သွားရောက်၍ စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်ခဲ့ကြပြီး လုပ်ငန်းစဉ်များအားလုံးတွင် ပြီးပြည့်စုံမှုရှိပြီး တာဝန်ခံမှုအပြည့်အဝဖြင့် အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့ဟု မှတ်ချက်များ ပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဆက်လက်ဆောင်ရွက်ရန်ရှိသည့် ပြည်သူလူထုက လိုလားတောင့်တလျက်ရှိသော လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း ၂ နှင့် အပိုင်း ၃ တို့ကိုလည်း အောင်မြင်စွာ ကျင်းပပြီးဆုံးသည်အထိ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းပါဝင်၍ ကဏ္ဍအသီးသီးမှ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ၊ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု တားဆီးကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးအပါအဝင်ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်ခဲ့သည့်အတွက် တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း။

**"နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောများ ထိန်းသိမ်းခြင်း၊ လေကာတန်းများစိုက်ပျိုးခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်များကျင့်သုံးခြင်း၊ ရေအရင်းအမြစ်များ စနစ်တကျစီမံခြင်း စသည့်နည်းလမ်းကိုလည်း ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်သည် ပွင့်လင်းခြောက်သွေ့သည့် ရာသီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်မဖြစ်ပွားအောင် ဂရုပြုကြရန်လိုကြောင်း၊ မီးလောင်ကျွမ်းမှုအများစုသည် ပေါ့ဆမှုကြောင့်ဖြစ်ပွားရခြင်းဖြစ်သဖြင့် မီးအသုံးပြုမှု စနစ်တကျရှိရန်လိုအပ်ကြောင်း၊ လျှပ်စစ်မီးအသုံးပြုရာတွင် ဝိုင်ယာလျှော့ဖြစ်ပွားခြင်းကဲ့သို့ ပေါ့ဆမှုကြောင့် မီးလောင်မှုများပြားသည်ကို တွေ့ရသည့်အတွက် အသိပညာပေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

**"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဟူသောဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ လူငယ်များအားလုံး ပညာသင်ကြားနိုင်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အခမဲ့ပညာရေးစနစ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြောင်း၊ လာမည့် ဖေဖော်ဝါရီလတွင် အခြေခံပညာမူလတန်းအဆင့် ပြီးမြောက်မှု စစ်ဆေးခြင်း Grade-5၊ အလယ်တန်းအဆင့် ပြီးမြောက်မှုစစ်ဆေးခြင်း Grade-9 စာမေးပွဲများနှင့် ကျန်ရှိသည့် အခြေခံပညာအတန်းများအတွက် ကျောင်းတွင်းစစ် နှစ်ဆုံးစာမေးပွဲများ ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသားကျောင်းသူများ အောင်မြင်စွာ ရာနှုန်းပြည့် ဖြေဆိုနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲအနေဖြင့် **"ဆေးရုံတိုင်းဆရာဝန်ရှိစေရမည်"** ဟူသည့် မူဝါဒကို ချမှတ်ပေးထားကာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများ နှစ်စဉ် ဖြည့်ဆည်းခန့်ထားပေးလျက်ရှိပြီး ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါဖြစ်ပွားလာပါကလည်း အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း။

ဘဏ္ဍာရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှစ်အလိုက် လျာထားခွင့်ပြုထားသည့် ဘဏ္ဍာငွေများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများကိုလည်း သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်မကုန်မီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားစာရင်းအင်းစနစ် ခိုင်မာအားကောင်းရေးသည် အထူးလိုအပ်ကြောင်း၊ စာရင်းဇယားများ မှန်ကန်တိကျမှုရှိစေရေး ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တင်ပြသည့် စာရင်းဇယားအချက်အလက်များသည် မြေပြင်အခြေအနေနှင့် အနီးစပ်ဆုံး မှန်ကန်မှုရှိမှသာလျှင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို သုံးသပ်သိရှိနိုင်မည်ဖြစ်သကဲ့သို့ သုံးသပ်မှုမှန်ကန်မှသာလျှင် မှန်ကန်သည့်ဆုံးဖြတ်ချက်များနှင့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများအား ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်မှ ထင်ရှားကျော်ကြားသူများ၏ ၂၀၂၆ ခုနှစ် နှစ်သစ်မင်္ဂလာဆုတောင်းစကားသံများ



ဦးကြည်စိုးထွန်း



ဦးလွင်မြင့်



အလင်္ကာကျော်စွာ
ဦးအောင်တင်ဝင်း



ဦးအောင်လွင်



ပန်းချီစိုးမိုး



ဒေါ်နွဲ့နွဲ့စန်း

**ဦးကြည်စိုးထွန်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**

လောကနိယာမအတိုင်း အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းပြီး အသစ်အသစ်တို့ ပေါ်လာကြပါတယ်။ အခု နှစ်ဟောင်းကုန်ပြီး နှစ်သစ်ကို ကူးပြောင်းခဲ့ပြီ။ နှစ်ဟောင်းက အပြစ်အနာအဆာတွေကို သင်ခန်းစာယူပြီး နှစ်သစ်မှာ အကောင်းအမွန်တို့ ဖြစ်ထွန်းလာစေဖို့ ဆက်လက်ကြိုးပမ်းကြရမှာဟာ လူ့ဘဝရဲ့ တာဝန်တစ်ရပ်ပါ။

ယဉ်ကျေးမှုအစဉ်အလာကြီးမားခဲ့တဲ့ မြန်မာလူမျိုးတွေဟာ ဘာသာတရားရဲ့ အဆုံးအမနဲ့ ကောင်းမွန်သော ဓလေ့ထုံးစံတွေကို လိုက်နာပြီး ညီညွတ်သော စိတ်ထားတွေနဲ့ နယ်ပယ်အသီးသီးမှာ ကြီးမားသော အောင်မြင်မှုများရရှိကြပါစေ။ နှစ်သစ်အခါသမယမှာ မြန်မာပြည်သားအပေါင်း စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်စွာနဲ့ နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်နိုင်ကြသူများ ဖြစ်ကြပါစေကြောင်း နှစ်သစ်ဆုတောင်းစကားပါးလိုက်ရပါတယ်။

**ဦးလွင်မြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဗဟို)**

ရွက်ဟောင်းတွေကြွေလို့ရွက်သစ်တွေဝေတဲ့ အချိန်အခါ၊ အဟောင်းတွေညောင်းလို့ အသစ်တွေပြောင်းတဲ့ကာလ နှစ်သစ်မင်္ဂလာမှာ နိုင်ငံသူနိုင်ငံသားတွေအားလုံး၊ ကမ္ဘာသူ ကမ္ဘာသားတွေအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာ ကောင်းခြင်းမင်္ဂလာအဖြာဖြာနဲ့ ကိုယ်စီကိုယ်ငှ ပြည့်စုံကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သပါတယ်။

နိုင်ငံတော်သည်လည်း နှစ်သစ်ကူးကာလကစတင်ကာ အသစ်အသစ်သော အေးချမ်းသာယာဖွံ့ဖြိုးမှုရောင်ခြည်တွေ ယှက်သန်းနေမယ်လို့ ယုံကြည်ပြီး လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတတရားတွေ ပြေပျောက်ပြီးတော့ ချစ်ခြင်းတရားလွှမ်းမိုးပြည့်စုံတဲ့ နိုင်ငံတော်ကြီးဖြစ်မှာ သေချာတဲ့အတွက် အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ နိုင်ငံတော်သစ်ကို ကြိုဆိုကြပါစို့လို့ နှစ်သစ်ဆုတောင်းစကားပြောကြားလိုပါတယ်။

**အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်း (နာယက၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး)**

နှစ်သစ်မင်္ဂလာအခါသမယမှာ နိုင်ငံသူ နိုင်ငံသားအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ လန်းဖြာကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ သဘင်လောကသားတွေလည်း လုပ်ငန်းတွေအဆင်ပြေကြပြီး နှစ်သစ်မှာ စီးပွားရေးအခွင့်အလမ်းသစ်တွေနဲ့ နိုင်ငံနဲ့ ပြည်သူကို အလုပ်အကျွေးပြုနိုင်ကြပါစေ။ ကမ္ဘာသူ ကမ္ဘာသားများအားလုံးလည်း ကျန်းမာ ချမ်းသာ လန်းဖြာကြပြီး ကပ်ကြီးသုံးပါးကို ကျော်လွှားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းပို့သပါတယ်။

**ဦးအောင်လွင် (ရုပ်ရှင်သရုပ်ဆောင်)**

အားလုံးမင်္ဂလာပါခင်ဗျာ။ အခုဆိုရင် ၂၀၂၅ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်ကို ကူးပြောင်းပါပြီ။ မြန်မာ့ရုပ်ရှင်ဆိုရင်လည်း နှစ်ပေါင်း ၁၀၅ နှစ်ကနေ ၁၀၆ နှစ်ကို ဝင်ရောက်ခဲ့ပါပြီ။ ရုပ်ရှင်ထုတ်လုပ်သူ၊ ပြသသူ၊ ရုပ်ရှင်လောကအလွှာအသီးသီးနဲ့ ရုပ်ရှင်ကို အစဉ်အားပေးခဲ့ကြတဲ့ ပြည်သူ၊ ပြည်သားအပေါင်း၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျန်းမာချမ်းသာ လန်းဖြာကြပါစေ။ မြန်မာ့ရုပ်ရှင် အသက်ရှင်အောင် ပံ့ပိုးပေးခဲ့ကြတဲ့ ရုပ်ရှင်ချစ်မြတ်နိုးသူ ပရိသတ်အားလုံးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ နှစ်သစ်မှာ နှလုံးစိတ်ဝမ်းအေးချမ်းပြီး ကျန်းမာသုခ အဖြာဖြာနဲ့ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ပန်းချီစိုးမိုး (ဒါရိုက်တာ)**

နှစ်သစ်ချိန်ခါမှစပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ အချိန်ဟာ ပုံမှန်ရွေ့လျားပြီး ဘယ်သူ့ကိုမှမစောင့်ဘဲ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးနေပါတယ်။ အခု ၂၀၂၅ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်ကို ပြောင်းလဲပြီ။ ကုန်ဆုံးပြီးခဲ့သောအချိန်တွေမှာ မိမိဘဝနဲ့ မိသားစုဘဝအတွက်လည်းကောင်း၊ ဘာသာသာသနာအတွက်လည်းကောင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက်လည်းကောင်း ကောင်းကျိုးအထွေထွေကို ဆောင်ရွက်ခဲ့ပြီးဖြစ်မယ်လို့ ယုံကြည်မိပါတယ်။

အခု ၂၀၂၆ ခုနှစ် နှစ်သစ်ကို ရောက်ရှိပြီဖြစ်တဲ့အချိန်မှာ မြင့်မြတ်သော စိတ်ထား၊ နှလုံးသားနဲ့ မိမိဘဝကို ပိုမိုကောင်းမွန်စေဖို့နဲ့ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး၊ သာသနာအကျိုးကို သယ်ပိုးစောင့်ရှောက်ရမှာဖြစ်ပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး နှစ်သစ်ကစပြီး စိတ်သစ်၊ ကိုယ်သစ်နဲ့ မိမိဒေသအကျိုး၊ နိုင်ငံအကျိုးတို့ကို စွမ်းစွမ်းတမံ ငြိမ်းချမ်းစွာ လက်တွဲဆောင်ရွက်နိုင်ကြပါစေကြောင်း စေတနာဆန္ဒများစွာနဲ့ တောင်းဆုပြုအပ်ပါတယ်။ နှစ်ဦးမှစပြီး ပေါင်းစည်းညီညာ အေးချမ်းသာယာကြွယ်ဝချမ်းသာတဲ့ မြန်မာနိုင်ငံတော်ကြီးဖြစ်ပေါ်လာစေဖို့ စိတ်တူကိုယ်တူ ကြိုးစားကြပါစို့လို့ တူညီသောဆန္ဒပြုရင်း နှစ်သစ်ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

**ဒေါ်နွဲ့နွဲ့စန်း(ရုပ်ရှင်သရုပ်ဆောင်)**

ကမ္ဘာကြီးအေးချမ်းပြီး မြန်မာနိုင်ငံလည်း အေးချမ်းသာယာစေလိုပါတယ်။ ကမ္ဘာသူ ကမ္ဘာသားတွေအားလုံး ကပ်ဘေးအပေါင်းမှ ကျော်လွှားနိုင်ကြပါစေ။ နိုင်ငံအကြီးအကဲတွေနဲ့ ပြည်သူပြည်သားအပေါင်း ကျန်းမာချမ်းသာပြီး ဘေးဘယာဝေးကွာကြပါစေ။ ကပ်ကြီးသုံးပါး ကျော်လွှားနိုင်ကြပါစေ။ အနုပညာကို ချစ်မြတ်နိုးကြတဲ့ ပြည်သူပြည်သားအပေါင်း အားလုံးစိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး စီးပွားလာဘ်လာဘများတိုးတက်ကြပါစေ။ အနုပညာမျိုးဆက်သစ်တွေအနေနဲ့ စာရိတ္တခိုင်မာစွာနဲ့ အနုပညာကိုလေးစားပြီး သမိုင်းကောင်းရေးထိုးနိုင်ကြပါစေ။ ရုပ်ရှင်လောကသားအပေါင်းလည်း လုပ်ငန်းတွေ အဆင်ပြေချောမွေ့ပြီး အမောများပြေကြပါစေ။ ခုနှစ်ရက်သားသမီးများ နှစ်ခြိုက်တဲ့ ဇာတ်ကားတွေရိုက်ကူးနိုင်ပြီး ဇာတ်ကားများများ ထုတ်လုပ်နိုင်ကြပါစေ။ ထုတ်လုပ်သူတွေနဲ့ ရုပ်ရှင်လောကသားတွေအားလုံး အဆင်ပြေကြပြီး ကျန်းမာချမ်းသာစွာ အေးချမ်းမှုအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှစ်သစ်ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ဓာတ်ပုံ-ဖွဲ့မာန်

## ၂၈-၁၂-၂၀၂၅ ရက်နေ့ အပိုင်း(၁) ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များ

- တစ်နိုင်ငံလုံးမဲပေးနိုင်သူ ၂၄၂၆၁၂၉၃ ဦး(၂၄ သန်းကျော်)ရှိခဲ့
- လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့
- ပထမပိုင်း ရွေးကောက်ပွဲ ၁၀၂ မြို့နယ်တွင် ပြုလုပ်ခဲ့
- ရွေးကောက်ပွဲပထမပိုင်းမဲပေးနိုင်သူ ၁၁၆၉၂၁၄၄ ဦး (၁၁.၆ သန်းကျော်)ရှိ
- မဲပေးခဲ့သူ ၆၀၉၅၅၁၁ ဦး (၆ သန်းကျော်) ရှိခဲ့
- ပထမပိုင်းရွေးကောက်ပွဲတွင် မဲပေးသူ ၅၂.၁၃ ရာခိုင်နှုန်း မဲပေးခဲ့
- မဲပေးသူ ၅၀ ရာခိုင်နှုန်းကျော်ရှိ၍ အောင်မြင်သော ရွေးကောက်ပွဲဖြစ်

## ပြည်သူများထံ အသိပေးပန်ကြားချက်

- ➢ အရေးကြီး/ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Online Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- ➢ လျှောက်လွှာလက်ခံပြီး ၅ ရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊
- ➢ အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅,၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- ➢ အသေးစိတ်အချက်အလက်များအား မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- ➢ အမြန်ဝန်ဆောင်မှု (Express Service) အား ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ထူးချွန်ဆုများချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၃၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ စိုက်ခင်းထူးချွန်ဆု၊ တရားမဝင်သစ်ဖမ်းဆီးမှုထူးချွန်ဆု၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသင်တန်း ထူးချွန်ဆုများနှင့် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲဆုများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၄ မိုးရာသီတွင် နိုင်ငံပိုင်စီးပွားရေးစိုက်ခင်းဧက ၈၁၆၀ အပါအဝင် သစ်တောစိုက်ခင်းစုစုပေါင်း ၁၃၉၈၆ ဧကကို တည်ထောင်စိုက်ပျိုးခဲ့ပါကြောင်း၊ ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုနှင့် ကြိုးစားအားထုတ်မှုရှိမှသာ စိုက်ခင်းလုပ်ငန်းစဉ်များ အချိန်မီပြီးစီးပြီး အောင်မြင်သော သစ်တောစိုက်ခင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ အလားတူ သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့စေရန်နှင့် သစ်နှင့်သစ်တောထွက်ပစ္စည်းများ တရားမဝင် ထုတ်လုပ်မှုလျော့နည်းပပျောက်စေရေးအတွက် နည်းလမ်းရှစ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာ ၂၂ ရက်အထိ တရားမဝင်သစ် ၄၀၈၈ တန် ဖမ်းဆီးရမိခဲ့ကြောင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် တရားမဝင်သစ်ဖမ်းဆီးရေးလုပ်ငန်းများသည် သစ်တောကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွင် အရေးကြီးသော အခန်းကဏ္ဍဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ တက်ရောက်ရာတွင် သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာပြီး ကြိုးစားအားထုတ်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းထူးချွန် ပထမဆု၊ တရားမဝင်သစ် ဖမ်းဆီးရရှိမှု ပထမဆု၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် သင်တန်းသား သင်တန်းသူ စံပြဆုရသူများ၊ စာရင်းကိုင်နှင့်ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အဆင့် ၁၊ အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ ပထမဆုနှင့် ဘောလုံးပြိုင်ပွဲ ပထမဆုရရှိသူများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူက ဒုတိယဆုရရှိသူများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက အခြားထူးချွန်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် ပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် ပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ရန်ကုန်မြို့အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏပတ္တမြားခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အုပ်ချုပ်သူနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရယူပေးခဲ့သည့် ခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဘိလိယက်/စနူကာ၊ လှေလှော်၊ ရွက်လှေ၊ Kick-boxing၊ မွေ၊ ဂျူဒို၊ မြင်းစီး၊ စစ်တုရင်၊ Tag of War ၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ လက်ဝှေ့၊ အလေးမ၊ နပန်း၊ Taqball ၊ ပြေးခုန်ပစ်၊ ကရာတေး၊ ပီတန်းအားကစားအဖွဲ့များနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် Kabaddi၊ ဘော်လီဘော၊ ဘိုးလင်း၊ ကျွမ်းဘား၊ Squash၊ ခရစ်ကက်၊ စားပွဲတင်တင်းနစ်၊ ဂျူဂျစ်ဆု၊ သေနတ်ပစ်၊ မြားပစ်၊ ဘောလုံး၊ ဖူဆယ်/သဲ သောင်ပြင်၊ ဟော်ကီ၊ ကြက်တောင်၊ E-Sports၊ စက်ဘီး၊ ရေကူး၊ ပန်ကြပ်ဆီလပ်၊ ဘတ်စကက်ဘော၊ ဂေါက်သီး အားကစား အဖွဲ့ချုပ်များနှင့် ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၃၈ နည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် ၂၁ ခု၊ ကြေးတံဆိပ် ၄၈ ခု စုစုပေါင်း ၇၂ ခုရရှိခဲ့ပြီး နိုင်ငံအလိုက်အဆင့်တွင် အဆင့်ခုနစ်ရရှိခဲ့သည့်အတွက် နိုင်ငံအလိုက် အဆင့် ရပ်တည်မှုကို ဆက်လက်ထိန်းနိုင်ခဲ့ပါကြောင်း၊ အားကစားနည်းများအလိုက် ပြိုင်ပွဲများဝင်ရောက် ယှဉ်ပြိုင်ရာတွင် နောက်ကျမကျန်ခဲ့စေဘဲ အမြော်အမြင်များစွာဖြင့် သုံးသပ်ယှဉ်ပြိုင်ကစားကြပြီး အောင်မြင်မှုဆုတံဆိပ်များရရှိအောင် ဆက်လက်ကြိုးစားကြစေလိုကြောင်း။



ယခု ကျင်းပပြုလုပ်ခဲ့သည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ သွားရောက်မယှဉ်ပြိုင်ခင်တွင် ငလျင်ကြောင့် ရန်ကုန်မြို့ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံအားကစားကွင်းသို့ ပြောင်းရွှေ့လေ့ကျင့်ခဲ့ရသည့်အတွက် Training အချိန်လျော့နည်းခြင်း၊ ခန္ဓာကိုယ်တည်ဆောက်မှု၊ ကြွက်သားသန်မာမှု အားနည်းခြင်း၊ လေ့ကျင့်မှုမပြည့်ဝဘဲ သွားရောက်ယှဉ်ပြိုင်ခဲ့ရမှုများကြောင့် မျှော်မှန်းထားသည့် ဆုတံဆိပ်များမရရှိခဲ့ခြင်း ဖြစ်ကြောင်း၊ လာမည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ယခုပြိုင်ပွဲတွင် ကြုံတွေ့ခဲ့ရသော အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၏အမည်စာရင်းများကို အဖွဲ့ချုပ်များမှတစ်ဆင့် ဝန်ကြီးဌာနသို့ တင်ပြသွားစေလိုကြောင်း၊ အားကစားနည်းများအလိုက် စံချိန်၊ စံညွှန်း၊ စံနှုန်းများနှင့် အဓိကလိုအပ်ချက်များအား တင်ပြဆွေးနွေးပေးသွားစေလိုကြောင်း၊ နိုင်ငံတော်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို လာမည့် ဖေဖော်ဝါရီလတွင် ကျင်းပသွားမည်ဖြစ်ပြီး အုပ်ချုပ်/နည်းပြ၊ အားကစားသမားများ အဆင်သင့် ရှိနေစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ၂၀၂၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်မှ ၂၉ ရက်အထိ မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၃၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများ၊ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုဆုတံဆိပ်ရရှိနိုင်မည့် အားကစားနည်းများ၊ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု မရရှိနိုင်သည့် အားကစားနည်းများ၊ ကျင်းပပြုလုပ်မည့်မြို့လေးမြို့၊ ထည့်သွင်းကျင်းပမည့် အားကစားနည်း ၃၈ နည်း၊ ဖွင့်ပွဲ/ပိတ်ပွဲကျင်းပမည့် အားကစားကွင်းများ၊ ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ရန်ကုန်၊ နေပြည်တော်၊ ပဲခူး၊ ပုသိမ်၊ တောင်ကြီး၊ ဘားအံဇုန်များ၌ ကျင်းပပြုလုပ်ရန် ပြက္ခဒိန် (မူကြမ်း) ရေးဆွဲတင်ပြထားမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက နောင်လာမည့် ပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကလော-ရွှေညောင်၊ ရွှေညောင်-ကလော ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ်အား အထူးရထားတွဲဆိုင်းဖွဲ့ဆင်ပြီး Package ဖြင့် စင်းလုံးငှားရမ်းပြေးဆွဲလျက်ရှိ



နေပြည်တော် ဒီဇင်ဘာ ၃၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် သာစည်-ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်းရှိ တောင်ကြီး-ပေါမူ အပိုင်းတွင် ခရီးသွားပြည်သူများအနေဖြင့် တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများအား စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါမူ-တောင်ကြီး (အသွား၊ အပြန်) Sight Seeing ရထားခရီးစဉ်ကို အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပြေးဆွဲပေးသကဲ့သို့ အဆိုပါရထားလမ်းပိုင်းရှိ ကလော-ရွှေညောင် ရထားလမ်းပိုင်းတွင် (ဟဲဟိုး)ဘဝသံသရာ တံတားကို လေ့လာကြည့်ရှုနိုင်ရန်၊ လမ်းခရီးရှိ ရေမြေတောတောင်သဘာဝရှုခင်းများ လေ့လာကြည့်ရှုနိုင်ရန်နှင့် ဒေသန္တရဗဟုသုတရရှိစေရန် ရည်ရွယ်၍ ကလော-အောင်ပန်း-ဟဲဟိုး-ရွှေညောင် (အသွား၊ အပြန်) (ဟဲဟိုး) ဘဝသံသရာ ရှုခင်းကြည့် ရထားခရီးစဉ်ကို ယနေ့မှစတင်၍ Package ဖြင့် အထူးရထားစင်းလုံး ငှားရမ်းပြေးဆွဲပေးလျက်ရှိသည်။

ပြေးဆွဲသည့် အထူးရထားမှာ မြင်းကောင်ရေ ၂၀၀၀ အား ဒီဇယ်စက်ခေါင်းဖြင့် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်သော ရိုးရိုးတန်းတစ်တွဲ၊ ခရီးသည် ၁၅ ဦး လိုက်ပါစီးနင်းနိုင်သည့် အထက်တန်း နှစ်တွဲနှင့် ရထားထိန်းတွဲ တစ်တွဲပါဝင်ပြီး အထူးရထားတွဲဆိုင်းအား Package ဖြင့် စင်းလုံးငှားရမ်းခမှာ လူတစ်ဦးလျှင် ကလော-ရွှေညောင် အသွား၊ အပြန် ရိုးရိုးတန်း ကျပ် ၃၀၀၀၀ နှင့် အထက်တန်း ကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ၂၇၀၀၀၀၀ ကျပ် နှစ်ဆယ့်ခုနစ်သိန်းတိတိ ကျသင့်မည်ဖြစ်သည်။

အဆိုပါ ကလော-ရွှေညောင် အသွား၊ အပြန် ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ယနေ့မှစ၍ စတင်ပြေးဆွဲပေးလျက်ရှိပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက် (တစ်စင်းလုံး) ငှားရမ်းမည်ဖြစ်ပြီး ရုံပိုင်(တာဝန်ခံ) ကလော၊ ဖုန်း ၀၈၁-၂၃၅၀၁၄၃ မှတစ်ဆင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

သတင်းစဉ်

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၃၈ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၃၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်အဆောက်အအုံ နှစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ၁၁ လုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ၁၃ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၃၈ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့်







ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေအပိုင်း(၃) တွင် ဖောက်ခွဲဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။

တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၈၁ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းအပြင် KK park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် ငွေကျပ် ၃၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သန်းကျော် ဖမ်းဆီးရမိ




တရားခံ မောင်မောင်သန့်၊ အောင်ဇင်ဝင်း(ခ)ဖိုးခွား၊ နေမျိုးအောင်နှင့် ညီညီသက်တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် ငွေကျပ် ၃၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီတွင် သတင်းအရ မင်းဘူးမြို့ ကန်ရေကျေးရွာအနီးတွင် အောင်ဇင်ဝင်း(ခ)ဖိုးခွား မောင်းနှင်ပြီး မောင်မောင်သန့် လိုက်ပါလာသည့် CANTER ခြောက်ဘီးယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၀၈၆၂ သန်း(ဒေသတန်ဖိုးငွေကျပ် ၃၇ ဒသမ ၄၆၅၅ ဘီလီယံ) ကို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ဒီဇင်ဘာ ၂၅ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများအား စစ်ကိုင်းမြို့မှ မန္တလေးမြို့သို့ သယ်ဆောင်၍ နေအိမ်၌ သိုဝှက်ထိန်းသိမ်းထားရှိပြီး မန္တလေးမြို့မှ မင်းတုန်းမြို့သို့ တာဝန်ခံသယ်ဆောင်သည့် နေမျိုးအောင်နှင့် ၎င်း၏ဇနီး မညီညီသက်တို့နှစ်ဦးအား မကွေးမြို့ နတ်မောက်လမ်းရှိ မကွေးဟိုတယ်တွင် SUPER CUSTOM ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်ရှိ ၎င်းတို့၏နေအိမ်မှ မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် အသုံးပြုသည့် HYUNDAI STAREX ယာဉ်တစ်စီးအား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူမှာ စစ်ကိုင်းမြို့နယ် ဆည်လေးကျေးရွာနေ မင်းမင်း (ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး စစ်ကိုင်းမြို့နယ်မှ မင်းတုန်းမြို့သို့ လည်းကောင်း၊ မင်းတုန်းမြို့မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ လည်းကောင်း ဆက်လက် သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက် ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်



မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သဖြင့် ခရီးသွားပြည်သူများ၏ မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များ သွားလာရန်စောင့်ဆိုင်းနေမှုကို တွေ့မြင်ရစဉ်။



တပ်မတော်စစ်ကြောင်းများက မန္တလေး-မတ္တရာ-စဉ့်ကူး- သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်။

❖ စာမျက်နှာ ၂၄ မှ

ဆက်သွယ်ရေး လမ်းမကြီးများပေါ်၌ ဂိတ်များဖွင့်လှစ်၍ ဒေသခံပြည်သူများ၊ ခရီးသွားများထံမှ ငွေကြေးကောက်ခံခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့ကြသဖြင့် တပ်မတော် စစ်ကြောင်းများက အဆိုပါဒေသများ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးမှုရှိစေရေးတို့အတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆောင်ရွက်ခဲ့သည်။

### အကြမ်းဖက်သမားများ၏ စိတ်ကူးယဉ် ရည်မှန်းချက် အပြီးတိုင်ရိုက်ချိုး

ထိုကဲ့သို့ အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter-Terrorism Operation) ကို စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း၊ မတ္တရာမြို့နယ်ရှိ ဖယောင်းတောင်သတ္တုတွင်းဒေသအား ဩဂုတ် ၂၄ ရက်တွင်လည်းကောင်း၊ အယ်လ်ဖာဘိလပ်မြေစက်ရုံ တစ်ဝိုက်အား ဩဂုတ် ၂၈ ရက်တွင်လည်းကောင်း၊ ဆည်တော်ကြီးကျေးရွာနှင့် ရေ



သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ တပ်မတော်စစ်ကြောင်းများရောက်ရှိမှုကို တွေ့မြင်ရစဉ်။

လှောင်တမံအား နိုဝင်ဘာ ၇ ရက်တွင်လည်းကောင်း၊ စဉ့်ကူးမြို့နှင့် အနီးတစ်ဝိုက်တို့အား ဒီဇင်ဘာ ၁၉ ရက်တွင် လည်းကောင်း တပ်မတော် စစ်ကြောင်းများက အဝေးရောက် ဒေသခံပြည်သူများ၏ စစ်ရေးသတင်းပေး ကူညီမှုများဖြင့် အဆင့်ဆင့်ခြေကုပ်ယူထိုးစစ်ဆင်၍ အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သမားများ၏ စိတ်ကူးယဉ်စစ်ရေး ရည်မှန်းချက်ကို အပြီးတိုင်ရိုက်ချိုးနိုင်ခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် ပြန်လည်ထိန်းချုပ်ရရှိပြီးဖြစ်သည့် အဆိုပါမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်မှုမရှိစေရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ လုံခြုံချောမွေ့မှုရှိစေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ခဲ့ရာ သပိတ်ကျင်းဘက်မှ နယ်မြေရှင်းလင်း ချီတက်လာသည့် တပ်မတော်စစ်ကြောင်းများသည် အောက်တိုဘာ ၁၁ ရက်တွင် သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာ၊ အောက်တိုဘာ ၁၃ ရက်တွင် ဖော့တောလမ်းဆုံ၊ ဒီဇင်ဘာ ၁၈ ရက်တွင် ဇရပ်ကွင်းကျေးရွာ ၎င်းမှ ဒီဇင်ဘာ ၂၂ ရက်တွင် လိပ်ကျကျေးရွာသို့လည်းကောင်း ရှင်းလင်းချီတက် သိမ်းပိုက်ပြီး ပတ်ဝန်းကျင် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ အလားတူ စဉ့်ကူးဘက်မှ ချီတက်လာသည့် တပ်မတော် စစ်ကြောင်းများသည် စဉ့်ကူးမြို့နယ် လက်ပံလှကျေးရွာမှ ဒီဇင်ဘာ ၂၈ ရက်တွင် ကျည်တောက်ပေါက်ကျေးရွာ ဒီဇင်ဘာ ၂၉ ရက်တွင် သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာ၊ ဒီဇင်ဘာ ၃၁ ရက် ယနေ့တွင် လိပ်ကျကျေးရွာသို့ နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ကာ အဆင့်ဆင့် ချီတက်ရောက်ရှိခဲ့ပြီး လိပ်ကျကျေးရွာနေရာ၌ တပ်မတော် စစ်ကြောင်းများ လက်ချင်းချိတ်ဆက် ပေါင်းဆုံခဲ့ကာ မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းအား အပြည့်အဝထိန်းချုပ်စိုးမိုးဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများအနေဖြင့် လုံခြုံစိတ်ချစွာဖြင့် သွားလာအသုံးပြုနိုင်ပြီ ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် မန္တလေး - မတ္တရာ - စဉ့်ကူး-သပိတ်ကျင်း ဒေသတစ်ဝိုက် တည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ ပြည်သူလူထုများ စိတ်အေးချမ်းလုံခြုံစွာဖြင့် သွားလာအသုံးပြုနိုင်ရေး ရှုပ်ရှုပ်ချွံချွံ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

### ပန်းကုံးများ ကိုင်ဆောင်ကာ ကြိုဆို

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါနယ်မြေများအတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့စဉ် နယ်မြေရှင်းလင်း ချီတက်ရာ လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရား နှိပ်စက် ညှဉ်းပန်းမှုခံနေရသည့် ဒေသခံပြည်သူများ အနေဖြင့် တပ်မတော် စစ်ကြောင်းများ ဝင်ရောက်လာမှုအား ကျား မ၊ ကြီးငယ်မရွေး အောင်သပြေပန်းများ၊ ပန်းကုံးများ ကိုင်ဆောင်ကာ သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်ကို ကြည်နူးဝမ်းမြောက်ဖွယ် တွေ့မြင်ခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် သပိတ်ကျင်း-မိုးကုတ် ဒေသအနီးဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ လုံခြုံစေရေး ကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့လာစေရေးနှင့် နိုင်ငံစီးပွားတိုးတက်ရေး အထောက်အကူပြုသည့် မြေပေါ်/မြေအောက် သယံဇာတများအား စနစ်တကျ စီမံဆောင်ရွက်နိုင်ရေးတို့အတွက် သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ထားသည့် လမ်းကြောင်းအား အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တပ်မတော်စစ်ကြောင်းများအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်စဉ်။



မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သဖြင့် ခရီးသွားပြည်သူများ၏ မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များ သွားလာအသုံးပြုနေမှုကို တွေ့မြင်ရစဉ်။

# မန္တလေးမြို့တွင် ၂၀၂၆ နှစ်သစ်ကူးခြင်းကို နှစ်ဟောင်းနှုတ်ဆက်ပြီး နှစ်သစ်ကို အေးချမ်းပျော်ရွှင်မှုများနှင့်အတူ တပျော်တပါး ကြိုဆို



မန္တလေး ဒီဇင်ဘာ ၃၁

၂၀၂၅ ခုနှစ်၊ နှစ်ဟောင်းကုန်ဆုံး၍ ၂၀၂၆ နှစ်သစ်ကို ကူးပြောင်းပြီဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် နှစ်သစ်ကူးပြောင်းခြင်းကို နိုင်ငံသူ၊ နိုင်ငံသားများက ညဉ့်နက်သန်းခေါင်ယံအထိ စောင့်ဆိုင်း၍ နှစ်သစ်ကို ကြိုဆိုခြင်းအထိမ်းအမှတ် ပျော်ရွှင်ဖွယ်ရာများဖြင့် အေးချမ်းပျော်ရွှင်မှုများနှင့်အတူ တပျော်တပါး ကြိုဆိုကြသည်။

မန္တလေးမြို့၌ ကျင်းပသည့် နှစ်သစ်ကြိုဆိုခြင်း အထိမ်းအမှတ်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ ဧည့်ပရိသတ်များက မန္တလေးမြို့သူ၊ မြို့သားများ၊ ပြည်သူလူထုနှင့်အတူ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၆ ခုနှစ်၊ နှစ်သစ်မကူးခင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီမှစတင်ကာ မန္တလေးမြို့တွင် နှစ်သစ်ကြိုဆိုခြင်း၏ အနှစ်သာရကို မန္တလေးမြို့သူ၊ မြို့သားများ၊ ပြည်သူလူထုတို့က နိုင်ငံကျော်အဆိုတော် သရုပ်ဆောင်အနုပညာရှင်များ၊ DJ တို့၏ မြူးကြွသည့် ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ မြူးထူးကခုန်ပျော်ရွှင်အေးချမ်းစွာဖြင့် ဖြတ်သန်းကြသည်။

၂၀၂၅ ခုနှစ် နှစ်ဟောင်းကုန်ဆုံးခါနီးအချိန် ၂၀၂၆ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိတော့မည့် စက္ကန့်ပိုင်းအလိုတွင် နှစ်သစ်ကူး Countdown ကို အတူရေတွက်ခြင်း၊ ည ၁၂ နာရီတိတိတွင် Happy New Year ဟု သံပြိုင်ရွတ်ဆိုခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်းတို့နှင့်အတူ နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကို တပျော်တပါး ကြိုဆိုခဲ့ကြကြောင်း၊ နိုင်ငံတော်ကြီး ပိုမိုငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းကြိုဆိုခဲ့ကြကြောင်းနှင့် မိတ်ဟောင်းဆွေဟောင်း၊ မိတ်သစ်ဆွေသစ်များထံသို့ စိတ်ရင်းစေတနာဖြင့် နှစ်သစ်ကူးဆန္ဒများနှင့်အတူ မက်ဆေ့ချ်များ ပေးပို့ခြင်းတို့ဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)














သတင်း - စာမျက်နှာ ၁၂


















ဓာတ်ပုံ - မိုးဟိန်းထွန်း၊ စိုးနိုင်ဦး၊ မျိုးကျော်၊ ရွှေမန်း

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



**ဂေါ်ဖီထုပ်**

ဂေါ်ဖီထုပ်ကို အသက်ကြီးငယ်မရွေးစားသုံးနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်များ စားသုံးရန် သင့်လျော်ပါတယ်။

အစာခြေလမ်းကြောင်းတွင် ပြည်တည်နာဖြစ်နေသူ၊ ဝိတ်ချချင်နေသူ၊ ကျောက်တည်နေသူ၊ သွေးကြောမာနေသူများ၊ ဝမ်းချုပ်နေသူများ၊ ဆီးချိုရောဂါရှိသူ၊ အဆီနဲ့ ဝနေသူများလည်း စားသုံးပေးသင့်ပါတယ်။

ဂေါ်ဖီထုပ်ဟာ အိုမင်းရင့်ရော်မှုကို ကာကွယ်ပေးနိုင်ပြီး အစာအိမ်၊ အူမကြီးကို လှုပ်ရှားစေပါတယ်။ ရောင်ရမ်းမှုကိုလည်း ပျောက်ကင်းစေသည်။ ကင်ဆာကိုလည်း ခုခံနိုင်စွမ်းရှိသည်ဟု ဂျပန်နိုင်ငံမှ သုတေသနပညာရှင်များက ဆိုကြပါတယ်။

အအေးမိခြင်းနဲ့ သွေးအားနည်းခြင်းကို ကြိုတင်ကာကွယ်ပေးနိုင်ပါတယ်။ ဂေါ်ဖီထုပ်ဟာ ဓာတ်သဘောအရ သာမန်ဖြစ်၏၊ အရသာမှာ ချို၏။ အစာအိမ်၊ အူမကြီးကို ကောင်းကျိုးဖြစ်စေ၏။

ဂေါ်ဖီထုပ်မှာ Sulforaphane ဒြပ်ပေါင်းပါဝင်သောကြောင့် ကင်ဆာရောဂါကို တိုက်ဖျက်ပေးနိုင်ပါတယ်။ ကင်ဆာမဖြစ်အောင်ကာကွယ်ဖို့အတွက်လည်း ဂေါ်ဖီထုပ်ကို စားပေးလို့ရပါတယ်။

ဂေါ်ဖီထုပ်က ကင်ဆာဆဲလ်တွေ မပွားအောင် အထိရောက်ဆုံး ကာကွယ်ပေးနိုင်ပါတယ်။ အထူးသဖြင့် အရေပြားကင်ဆာ၊ အစာရေမျိုကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ ပန်ကရိယကင်ဆာတွေကို ကာကွယ်ပေးနိုင်ပါတယ်။

ရင်သားကင်ဆာဖြစ်သူတွေအနေနဲ့ ကင်ဆာဆဲလ်တွေ ပြန့်ပွားတာကို ဟန့်တားနိုင်ဖို့လည်း အထောက်အကူပြုပေးပါတယ်။

ဂေါ်ဖီထုပ်မှာပါတဲ့ Anthocyanins က ကင်ဆာမဖြစ်အောင် ကာကွယ်ပေးသလို နာကျင်ရောင်ရမ်းမှုကိုလည်း သက်သာစေနိုင်သောကြောင့် နှလုံးသွေးကြောတွေကို ကျန်းမာစေပြီး နှလုံးကို သွေးစီးဆင်းမှုကောင်းစေပါတယ်။

ဂေါ်ဖီထုပ်မှာ ဖလေဗာနွိုက် ပါဝင်နေသောကြောင့် ကျန်းမာရေးကို အထောက်အကူပြုပေးပါတယ်။ နှလုံးရောဂါကြောင့် သေဆုံးနိုင်ခြေကို လျှော့ချပေးသလို နှလုံးသွေးကြောဆိုင်ရာရောဂါတွေ မဖြစ်အောင် ကာကွယ်ပေးပါတယ်။ Polyphenol ပါဝင်မှုက နှလုံးသွေးကြောဆိုင်ရာရောဂါတွေမဖြစ်အောင် ကာကွယ်ပေးသလို နှလုံးသွေးကြောကျဉ်းရောဂါကို ကင်းဝေးစေပါတယ်။

နှလုံးသွေးကြောထဲမှာ အဆီတွေ စုပုံတာမျိုးမဖြစ်အောင် ကာကွယ်ပေးသလို သွေးပေါင်ချိန်ကိုလည်း ထိန်းညှိပေးပါတယ်။

ဂေါ်ဖီထုပ်မှာ ဗီတာမင်စီ၊ အေတို့ ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်ခံအားကို အကောင်းဆုံး အားဖြည့်ပေးနိုင်ပါတယ်။

ဂေါ်ဖီထုပ်မှာ အစာခြေစနစ်ကို အားဖြည့်ပေးမယ့် ရေဓာတ်နဲ့ အမျှင်ဓာတ် ကြွယ်ဝစွာပါဝင်ပါတယ်။ အူတွေကို လှုပ်ရှားမှုကောင်းစေပြီး အူနံရံတွေကို အာဟာရဓာတ်ပြည့်ပြည့်ဝဝ စုပ်ယူစေနိုင်သလို ဝမ်းကိုလည်း မှန်စေပါတယ်။

ကိုယ်တွင်းက အဆိပ်အတောက်ဖြစ်စေတဲ့ အရာတွေကို ပြင်ပသို့ ဝမ်းအနေနဲ့ စွန့်ထုတ်ပေးပါတယ်။

သုတေသနစမ်းသပ်ချက်များအရ ဂေါ်ဖီထုပ်မှာ ကြွယ်ဝစွာပါဝင်သော ပိုလီဖီနောသည် သွေးတွင်းမကောင်းသော ကိုလက်စထရောဓာတ်ကို လျှော့နည်းစေပြီး သွေးဖိအား ပုံမှန်ဖြစ်စေရန် အထောက်အကူဖြစ်ကြောင်း သိရပါတယ်။

အမျှင်ဓာတ်ပါဝင်နေမှုက အဆာခံနိုင်စေဖို့ အားဖြည့်ပေးပြီး အစာခဏခဏ မစားမိအောင် ကာကွယ်ပေးသောကြောင့် အဝမလွန်အောင် ကာကွယ်ပေးပါတယ်။ ဝိတ်ချနေသူတွေအတွက်လည်း အထူးသင့်လျော်ပါတယ်။

ဂေါ်ဖီထုပ်မှာ ပိုတက်ဆီယမ် ကြွယ်ဝစွာပါဝင်နေသောကြောင့် သွေးပေါင်ချိန်ကို အကောင်းမွန်ဆုံး ထိန်းညှိပေးနိုင်ပြီး သွေးမတိုးစေဖို့ ကာကွယ်ပေးသလို သွေးကြောထဲမှာ သွေးစီးဆင်းမှုကောင်းစေဖို့လည်း အကောင်းဆုံး အားဖြည့်ပေးပါတယ်။

ဂေါ်ဖီထုပ်တွင်ပါဝင်သော 3,3'-Diindolyl Methane (DIM) သည် ကင်ဆာရောဂါကြောင့် ဓာတ်ရောင်ခြည်ကုသမှုခံယူနေသူများတွင် ဓာတ်ရောင်ခြည်ကုထုံးကြောင့်ဖြစ်သော နုံးပြီး အားမရှိသလိုခံစားရကာ အစားအသောက်ပျက်ခြင်း၊ ရင်ပူခြင်း၊ အရေပြားယားယံခြင်း၊ ခြောက်သွေ့ခြင်း၊ အရည်ကြည်ဖုဖြစ်ခြင်း စသော ဘေးထွက်ဆိုးကျိုးဖြစ်နိုင်ခြေကို လျှော့နည်းစေပါတယ်။

ဂေါ်ဖီထုပ်တွင် ဘီတာကယ်ရိုတင်းဓာတ် ကြွယ်ဝစွာ ပါဝင်ခြင်းကြောင့် မျက်လုံးကို အားကောင်းစေပြီး မျက်စိတွင်ရှိသော ဆဲလ်များကို ကျန်းမာစေပါတယ်။

ဂေါ်ဖီထုပ်ကို မကြာခဏစားခြင်းဖြင့် အသက်ကြီးလာသောအခါ ဖြစ်တတ်သော မျက်စိတိမ်စွဲရောဂါဖြစ်နိုင်ခြေကို လျှော့နည်းစေပါတယ်။

ဂေါ်ဖီထုပ်တွင်ပါဝင်သော ဆာလ်ဖာနဲ့ ဆီလီကွန်ဓာတ်ဟာ ဆံပင်ခြောက်သွေ့ခြင်းကို ကာကွယ်ပေးပြီး ဗီတာမင်အေဓာတ်ဟာ ဆံပင်များပေါက်ရန်၊ ဆံပင်အုံထူရန်အတွက် အထောက်အကူပြုပါတယ်။

ဂေါ်ဖီထုပ်ကိုစားသုံးလျှင် တစ်ခါစားပါက အနည်းဆုံး(၁၀၀)ဂရမ်သာ စားသင့်ပါတယ်။ အစိမ်းစားမည်ဆိုပါက ရေစင်အောင် သေချာဆေးကြောပြီးမှ ဆေးပါ။



**ကြက်သဟင်းရွက်**

အမဲသားမှာ - သံဓာတ် ၂.၆ မီလီဂရမ်ခန့်သာ ပါဝင်ပါတယ်။ ကြက်သဟင်းရွက်မှာ - သံဓာတ် ၁၅.၇ မီလီဂရမ်အထိ ပါဝင်ပါတယ်။

အမဲသားနဲ့နှိုင်းယှဉ်ရင် ခြောက်ဆနီးပါးပိုများနေတာကြောင့် အပင်ထွက်အစားအစာတွေထဲမှာ သံဓာတ်အကြွယ်ဝဆုံး ဟင်းရွက်တစ်မျိုးလို့ ပြောလို့ရပါတယ်။

ဈေးနှုန်းသက်သာပြီး အလွယ်တကူဝယ်ယူရရှိနိုင်တဲ့ ဒီအရွက်ကို စားသုံးပေးခြင်းဖြင့် အောက်ပါကျန်းမာရေးကောင်းကျိုးများကို ရရှိမှာဖြစ်ပါတယ်။

၁။ **သွေးအားကောင်းစေတယ်။**

သွေးနီဥဆဲလ်ထုတ်လုပ်မှုကို မြှင့်တင်ပေးပြီး သွေးအားနည်းရောဂါ (Anemia) ကို ထိရောက်စွာ ကာကွယ်ပေးပါတယ်။

၂။ **အရိုးနဲ့သွားများကို ခိုင်မာစေတယ်။**

ကယ်လ်ဆီယမ်ဓာတ် ကြွယ်ဝစွာပါဝင်လို့ အရိုးပွခြင်းကို ကာကွယ်ပေးပြီး သွားတွေကို ခိုင်မာစေပါတယ်။

၃။ **ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေတယ်။**

ဗီတာမင်အေ၊ စီနဲ့ အင်န်တီအောက်ဆီးဒင့်တွေ ပါဝင်သောကြောင့် ရောဂါတွေကို တိုက်ဖျက်နိုင်စွမ်းရှိပါတယ်။

၄။ **အစာခြေစနစ်ကို ကောင်းစေတယ်။**

အမျှင်ဓာတ်(ဖိုက်ဘာ)ပါဝင်မှုမြင့်မားသောကြောင့် ဝမ်းချုပ်ခြင်းကို ကင်းဝေးစေပြီး အူလမ်းကြောင်းကို သန့်စင်ပေးပါတယ်။

ကြက်သဟင်းရွက်ဟာ ခါးသက်သက်အရသာရှိပေမယ့် နည်းစနစ်တကျ ချက်ပြုတ်မယ်ဆိုရင် ထမင်းမြိန်စေမယ့် ဟင်းတစ်ခွက်ဖြစ်လာမှာပါ။

၁။ **ကြက်ဥနှင့်ရောကြော်ခြင်း။**

ခရုဆီ၊ ကြက်သွန်ဖြူတို့နဲ့ ဆီသတ်ပြီး ကြက်ဥထည့်ကြော်လိုက်ရင် အရသာရှိမယ့် ဟင်းတစ်ခွက်ဖြစ်လာမှာပါ။

၂။ **အသားနုပ်နုပ်စဉ်းဟင်းချို။**

ဝက်သား(သို့မဟုတ်)ကြက်သားနုပ်နုပ်စဉ်းလေးနဲ့ ဟင်းချိုချက်သောက်မယ်ဆိုရင် ခံတွင်းရှင်းပြီး လူကို လန်းဆန်းစေပါတယ်။

၃။ **ငါးခြောက်၊ ဥအမျိုးမျိုးနဲ့ ချဉ်စပ်ဟင်း။**

ငါးခြောက်လေးခတ်ပြီး ချဉ်စပ်ဟင်းအဖြစ်ချက်စားရင်လည်း ထမင်းမြိန်စေပါတယ်။

၄။ **တို့စရာအဖြစ် စားသုံးခြင်း။**

အစိမ်းလိုက်ဖြစ်စေ၊ ရေနွေးဖြောပြီးဖြစ်စေ ငရုတ်သီးထောင်း၊ ငါးပိရည်တို့နဲ့ တို့စားလို့လည်း ရပါတယ်။

ဒီလိုကျန်းမာရေးအတွက် အကျိုးကျေးဇူးများတဲ့ ကြက်သဟင်းရွက်ကို အခုပဲစားလိုက်ကြရအောင်လားဗျာ။



**သံပရိုသီး**

၁။ သံပရိုသီးမှာ ဗီတာမင်စီကြွယ်ဝစွာ ပါဝင်ပါတယ်။ ဗီတာမင်စီက ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးခြင်း၊ အရေပြားကျန်းမာရေးအတွက် အရေးပါသော ကော်လာဂျင် ထုတ်လုပ်မှုကို အားပေးခြင်း၊ အနာကျက်မြန်စေခြင်း၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် ဆဲလ်ပျက်စီးမှုကို ကာကွယ်ပေးခြင်းတို့ကို ပြုလုပ်ပေးနိုင်ပါတယ်။

၂။ သံပရိုသီးတွင် Flavonoids နှင့် အခြားဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်ပြီး ကိုယ်ခန္ဓာအတွင်းရှိ ဖရီးရယ်ဒီကယ်များကြောင့် ဖြစ်ပေါ်လာနိုင်သော ရောဂါများ(နှလုံးရောဂါ၊ ကင်ဆာရောဂါများ)ကို ကာကွယ်ပေးနိုင်ပါတယ်။

၃။ သံပရိုသီးရှိ စီထရစ်အက်စစ်ဟာ ဆီးထဲတွင် ကယ်လ်စီယမ်ပါဝင်မှုကို တိုးစေပြီး ကျောက်ကပ်မှာ ကျောက်တည်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။

၄။ သံပရိုသီးရှိ အက်စစ်ဓာတ်သည် အစာအိမ် မှ အင်ဇိုင်းများကို လှုံ့ဆော်ပေးပြီး အစာခြေလုပ်ငန်းကို ကူညီပေးပါတယ်။ သံပရိုရည်သောက် သုံးခြင်းဖြင့် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။

၅။ သံပရိုသီးမှာ ပိုတက်စီယမ်ပါဝင်မှုမြင့်မားပြီး သွေးဖိအားကို ထိန်းညှိပေးကာ နှလုံးကျန်းမာရေးကို အထောက်အကူပြုပါတယ်။

၆။ သံပရိုရည်သောက်သုံးခြင်းဖြင့် ဇီဝဖြစ်စဉ်ကို မြှင့်တင်ပေးပြီး ကိုယ်အလေးချိန်ကျစေရန် ကူညီပေးနိုင်ပါတယ်။

၇။ ဗီတာမင်စီနဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက အသားအရေကို ကြည်လင်စေပြီး ဝက်ခြံနဲ့ အရေးအကြောင်းများကို လျှော့ပါးစေနိုင်ပါတယ်။

**သတိပြုရန်**

သံပရိုသီးရှိ အက်စစ်ဓာတ်သည် အစာအိမ်နာရှိသူများအတွက် မသင့်တော်ပါ။

သံပရိုရည်ကို တိုက်ရိုက်သောက်သုံးပါက သွားအပေါ်ယံကြွေလွှာကို ထိခိုက်စေနိုင်သောကြောင့် ရေဖြော၍ သောက်သင့်ပါတယ်။

ကျန်းမာရေးနဲ့ညီညွတ်သော စားသောက်မှုပုံစံတွင် သင့်တင့်မျှတစွာ ထည့်သွင်းစားသောက်သင့်ပါတယ်။



**မျှစ်**

မျှစ်ကို ပုံမှန်စားသုံးပေးခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိမှာဖြစ်ပါတယ်။

၁။ အစာခြေဖျက်ခြင်းကို ကောင်းမွန်စေပါတယ်။

၂။ အူလမ်းကြောင်းရှိ သန်ကောင်များကို လျှော့ကျစေပါတယ်။

၃။ အမျိုးသမီးများ ဓမ္မတာရာသီ မှန်မှန်လာစေပါတယ်။

၄။ သည်းခြေအိတ်ကို ကျန်းမာစေပါတယ်။

၅။ မှိုနဲ့ ဘက်တီးရီးယား ရောဂါပိုးတွေကို သတ်ပေးနိုင်ပါတယ်။

၆။ သွေးတိုးကျစေပါတယ်။

၇။ မကောင်းတဲ့ ကိုလက်စထရော အဆီတွေကို လျှော့ကျစေပါတယ်။

၈။ ကယ်လိုရီပါဝင်မှုလျှော့နည်းပြီး အမျှင်ဓာတ်ပါဝင်မှုများသောကြောင့် အဝလွန်သူ၊ ဝိတ်ချလိုသူများ များများစားသုံးပေးသင့်ပါတယ်။

၉။ မျှစ်အရည်နဲ့ ဒဏ်ရာငယ်များကို သန့်စင်ပေးခြင်းဖြင့် အနာကျက်မြန်စေပါတယ်။

၁၀။ ဝမ်းပျက်၊ ဝမ်းလျှောကိုလည်း သက်သာစေပါတယ်။ ဝမ်းမှန်မှန်သွားစေပါတယ်။

၁၁။ နာတာရှည်ရောဂါတွေမဖြစ်စေရန် ကာကွယ်ပေးပါတယ်။

၁၂။ ဖီနောလစ်အက်စစ်များစွာပါဝင်သောကြောင့် ရောင်ရမ်းမှုကို သက်သာစေပါတယ်။

၁၃။ ကူးစက်ရောဂါများကို ခုခံကာကွယ်နိုင်စွမ်းရှိပါတယ်။

၁၄။ နှလုံးရောဂါ အပါအဝင် ပိုတက်စီယမ်ပါဝင်တဲ့အတွက် နှလုံးကျန်းမာရေးကို ကောင်းမွန်စေပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား - Tik Tok



ဦးရဲထွန်း
ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏ
ယုဝအသင်း(ဗဟို) YMBA



ဦးဝဏ္ဏ
ဥက္ကဋ္ဌ ဘာသာပေါင်းစုံချစ်ကြည်
ညီညွတ်ရေးအဖွဲ့(ဗဟို)



ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)
ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်
ညီညွတ်ရေးအဖွဲ့(ဗဟို)



ဒေါက်တာတူးတူး (ခရစ်ယာန်ဘာသာ)
ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်
ညီညွတ်ရေးအဖွဲ့(ဗဟို)



ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)
ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်
ညီညွတ်ရေးအဖွဲ့(ဗဟို)

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)တို့မှ ၂၀၂၆ ခုနှစ် နှစ်သစ်မင်္ဂလာဆုတောင်းစကားသံများ

**ဦးရဲထွန်း**
**ဥက္ကဋ္ဌ၊ ဗုဒ္ဓဘာသာကလျာဏ**
**ယုဝအသင်း(ဗဟို) YMBA**

ခရစ်သက္ကရာဇ် ၂၀၂၅ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၆ ခုနှစ်သို့ ကူးပြောင်းတဲ့ အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၊ ရဟန်းရှင်လူ ပြည်သူပြည်သားများအားလုံး၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ် ခင်ဗျာ။ နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရဲ့ ဦးတည်ချက် (၄) ရပ် အောင်မြင်ရေးနဲ့ ကျင်းပလျက်ရှိတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းလိုပါတယ်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှ ပေါ်ပေါက်လာတဲ့ အစိုးရသစ်နဲ့အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို နိုင်ငံသူ နိုင်ငံသား အားလုံး၏ စည်းလုံးညီညွတ်မှုအားဖြင့် ပူးပေါင်းဆောင်ရွက်သွားကြဖို့လည်း မေတ္တာရပ်ခံအပ်ပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသား၊ မိဘပြည်သူညီအစ်ကို မောင်နှမများအားလုံး တစ်ဦးအပေါ် တစ်ဦး အပြန်အလှန် မေတ္တာထားပြီး နိုင်ငံနှင့်လူမျိုး ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူများ ဖြစ်ကြပါစေကြောင်း နှစ်သစ်ကူး ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျာ။

**ဦးဝဏ္ဏ**
**ဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်**
**ညီညွတ်ရေးအဖွဲ့(ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ

ယနေ့ဟာ ခရစ်သက္ကရာဇ် ၂၀၂၅ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၆ ခုနှစ်ကာလသို့ ရောက်ရှိလာသော အခါသမယလည်း ဖြစ်ပါတယ်။ ယနေ့ ၂၀၂၆ ခုနှစ် နှစ်ဆန်း၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးမှ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ နိုင်ငံသူနိုင်ငံသားများနဲ့တကွ ကမ္ဘာသူကမ္ဘာသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနဲ့ ပြည့်စုံလျက် အေးချမ်းသာယာပြီး ပြီးပြည့်စုံသော လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။

မြန်မာနိုင်ငံသူ နိုင်ငံသားများအတွင်း အမုန်းစကား၊ အမုန်းတရားများ ပယ်ပျောက်၍ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ကြပြီး နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်ကြပါစေရန်လည်း မေတ္တာပို့ ဆုတောင်းအပ်ပါတယ်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ **"ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးမှသည် ငြိမ်းချမ်းရေးဆီသို့"** ဆိုသည့်အလျောက် ဘာသာမတူ၊ လူမျိုးမတူ၊ ယုံကြည်ချက်မတူညီကြသော်လည်း အမိမြန်မာနိုင်ငံတော်အတွင်း အတူတကွ မှီတင်းနေထိုင်ကြခြင်းဖြစ်တဲ့အတွက် မေတ္တာတရား ရှေ့ထားကာ အဖွဲ့အစည်းအချင်းချင်း၊ လူမျိုးအချင်းချင်း၊ တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် အမိနိုင်ငံတော်၏ အကျိုး၊ အမိနိုင်ငံတော်၏ အရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့၊ ငြိမ်းချမ်းရေးလမ်းကို အတူတကွ လျှောက်လှမ်းကြပါစို့လို့ တိုက်တွန်းရင်း မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း ထပ်လောင်းဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။

**ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်**
**ညီညွတ်ရေးအဖွဲ့(ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ

၂၀၂၅ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၆ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး စိတ်ချမ်းသာကိုယ်ကျန်းမာပြီး လိုအင်ဆန္ဒအလုံးစုံ ပြည့်ဝပါစေကြောင်း အစ္စလာမ်ဘာသာဝင်များ ကိုယ်စား ကျွန်တော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်းက ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန် ဘာသာ၊ အစ္စလာမ်ဘာသာအပြင် နတ်ကိုးကွယ်မှုများလည်းရှိပြီး တစ်ဦးရဲ့ ဘာသာအယူဝါဒကို တစ်ဦးက အပြန်အလှန်လေးစားကြ၍ တစ်ဦးနဲ့တစ်ဦး မေတ္တာတရား ရှေ့ထားပြီး ချစ်ချစ်ခင်ခင် အေးချမ်းစွာ နေထိုင်လာတဲ့ မြန်မာနိုင်ငံကြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ အစ္စလာမ်ဘာသာဝင်များအနေဖြင့်လည်း ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့ကြီးနှင့် ပူးပေါင်းလက်တွဲကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော် ငြိမ်းချမ်းသာယာရေးအတွက် ကျရာအခန်းကဏ္ဍမှ တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်လျက် ရှိပါတယ်။

အခုလိုနှစ်ဟောင်းကုန်လို့ နှစ်သစ်ကူး အခါသမယမှာ ပြည်ထောင်စုသမ္မတ မြန် မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီး အနေနဲ့ အမိမြန်မာနိုင်ငံတော်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး အန္တရာယ်အပေါင်းမှ ကင်းဝေးပြီး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ မိသားစု အကျိုး၊ နိုင်ငံအကျိုး၊ ဘာသာသာသနာ အကျိုးကို ရွက်သယ်ပိုးနိုင်ကြပါစေ၊ ကိုးကွယ်ရာ ဘာသာကြီးလေးရပ်၏ တူညီသော သစ္စာတရား၊ မေတ္တာတရားများဖြင့် ကြိုဆိုကြပါလို့ နှစ်သစ်ကူး ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ် ခင်ဗျာ။

**ဒေါက်တာတူးတူး (ခရစ်ယာန်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်**
**ညီညွတ်ရေးအဖွဲ့(ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ

ယနေ့ဟာ ၂၀၂၅ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၆ ခုနှစ်ကို ရောက်ရှိလာတဲ့ နှစ်သစ်ကူး အခါသမယနေ့ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး ပျော်ရွှင်စရာ မင်္ဂလာနှစ်သစ်ဖြစ်ပါစေလို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာတူးတူးက ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူတိုင်းရဲ့ လူမှုရေး၊ စီးပွားရေး၊ ဘဝလုံခြုံရေး ပြည့်စုံစေရန်အတွက် အလိုအပ်ဆုံးဖြစ်တဲ့ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင်လည်း ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးနဲ့အတူ လက်တွဲကာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိပါတယ်ခင်ဗျာ။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးဟာ လူမျိုးမတူ၊ ဘာသာမတူ၊ အယူအဆမတူကြသူတွေ မေတ္တာတရားကို အခြေခံထားကာ အမိမြန်မာနိုင်ငံတော်ကြီးရဲ့ အလံတော်အောက်မှာ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် မိဘပြည်သူများကလည်း အမိမြန်မာနိုင်ငံတော်ကြီးအတွင်း အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် ကျွန်တော်တို့အဖွဲ့ကြီးနဲ့အတူ ပူးပေါင်းပါဝင်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

ယခုလို နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးအတွက် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ဝိုင်းဝန်းကူညီ သယ်ပိုးထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

အားလုံးနှစ်သစ်မှာ လိုအင်ဆန္ဒပြည့်ဝကြပါစေ။

**ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်**
**ညီညွတ်ရေးအဖွဲ့(ဗဟို)**

၂၀၂၅ ခုနှစ် ကုန်ဆုံး၍ ၂၀၂၆ ခုနှစ် မင်္ဂလာနှစ်သစ်မှာ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျန်းမာသုခပြည့်စုံပြီး လိုရာဆန္ဒအစစအရာရာ အဆင်ပြေကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ဂေါတမမြတ်စွာဘုရားရဲ့ မေတ္တာကြောင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာပါစေ၊ မဟာပိန္နဲဘုရားရဲ့မေတ္တာကြောင့်ပြည်တွင်းပြည်ပရန်များ ကင်းရှင်းပြီး ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီး ဖြစ်ပါစေ၊ မိမိတို့နိုင်ငံမှာ လိုအပ်ချက်နှစ်ခုပဲရှိပါတယ်။ တစ်ခုကတော့ မေတ္တာများများထားပေးဖို့နဲ့ နောက်တစ်ခုက အလုပ်များများ လုပ်ပေးဖို့လိုပါတယ်။

၂၀၂၆ ခုနှစ် နှစ်သစ်မှစပြီး နိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ ကမ္ဘာသူကမ္ဘာသားအားလုံး ရေလိုအေးချမ်းပြီး ပဒုမ္မာရွှေကြာပန်းလို မွှေးကြိုင်ကြပါစေ၊ အစစအရာရာ လိုရာဆန္ဒတွေ ပြည့်ဝအဆင်ပြေကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

## လာနီညာဖြစ်စဉ်ကြောင့် ညအပူချိန်များ လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၃၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သချာင်္ပုံစံပြမော်ဒယ်လ်များ ခန့်မှန်းချက်အရ ဇန်နဝါရီလ ပထမ (၁၀) ရက်ပတ်အတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်နိုင်**

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဒေသအချို့တွင် ညအပူချိန်များ လျော့နည်းနိုင်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်း စသည့်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည် ဖြစ်ပါသည်။

မိုး/ဇလ






## အယ်လ်နာဆာအသင်းနှင့် ဆော်ဒီပရိုလိဂ် ချန်ပီယံဆုကို ရယူသွားမည်ဟု ဂျာအိုဖီးလစ် ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၃၁**

အယ်လ်နာဆာအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဂျာအိုဖီးလစ်က မိမိအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ ဆော်ဒီပရိုလိဂ် ချန်ပီယံဆုကို ရယူသွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ် ဘောလုံးရာသီတွင် အယ်လ်နာဆာအသင်းသို့ ရောက်ရှိခဲ့ပြီး အလျှင်အမြန် အထိုင်ကျကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားပြီး ၁၈ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဂျာအိုဖီးလစ်က "ကျွန်တော် အသင်းနဲ့အတူ ယခုနှစ်ဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ချန်ပီယံဆုကြီးကို ရယူသွားမှာပါ။ နောက်ထပ်လာမယ့်ပွဲစဉ်တိုင်းကိုလည်း နိုင်ပွဲတွေ ဆက်လက်ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

အယ်လ်နာဆာအသင်းသည် ယခုနှစ်ဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ၁၁ပွဲ ကစားအပြီးတွင် ရမှတ် ၃၁မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးနေရာတွင် ရပ်တည်နေသည်။

**(အပေါ်ပုံ) (NGB)**

## ကာစတယ်လာနိုစ်အား ခေါ်ယူရန် လီဒ်စ်အသင်းနှင့် ဖလာမင်ဂိုအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၃၁**

လီဒ်စ်အသင်းနှင့် ဖလာမင်ဂိုအသင်းတို့သည် လာဇီယိုအသင်း တိုက်စစ်မှူး ကာစတယ်လာနိုစ်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လာဇီယိုအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၇ပွဲကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဒ်စ်အသင်းနှင့် ဖလာမင်ဂိုအသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။



လာဇီယိုအသင်းကလည်း ကာစတယ်လာနိုစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် လီဒ်စ်အသင်းနှင့် ဖလာမင်ဂိုအသင်းတို့ ဆောင်းရာသီဈေးကွက်အတွင်းတွင် မည်သည့်အသင်းက လာဇီယိုအသင်းထံမှ ကာစတယ်လာနိုစ်အား ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**

## ရှူလာအား မန်ယူအမျိုးသမီးအသင်း ခေါ်ယူ



**လန်ဒန် ဒီဇင်ဘာ ၃၁**

မန်ယူအမျိုးသမီးအသင်းသည် ဘိုင်ယန်မြူးနစ်အမျိုးသမီးအသင်းတိုက်စစ်မှူး ရှူလာအား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် မန်ချက်စတာယူနိုက်တက်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၉ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ရှူလာသည် ဘိုင်ယန်မြူးနစ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၀ ကစားပြီး ၁၀၃ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ရှူလာက "ကျွန်မ မန်ယူအမျိုးသမီးအသင်းကို ပြောင်းရွှေ့ရောက်ရှိခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ဝဲပုံ) (NGB)**

## ဒီကလန်ရိုက်စ် ဒူးဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရမည်

**လန်ဒန် ဒီဇင်ဘာ ၃၁**

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ဒီကလန်ရိုက်စ်သည် ဒူးဒဏ်ရာကြောင့် ရက်သတ္တပတ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက ဘရိုက်တန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဒီကလန်ရိုက်စ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

**(အောက်ပုံ)**

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၉ ပွဲ ကစားပြီး ၁၈ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(NGB)**



## ကာဇူယိုရှိမီအူရာအား ဖူကူရှီးမားယူနိုက်တက်အသင်း ခေါ်ယူ

**တိုကျို ဒီဇင်ဘာ ၃၁**

ဂျပန်တတိယတန်း ကပ်ဖူကူရှီးမားယူနိုက်တက်အသင်းသည် ကမ္ဘာ့အသက်အကြီးဆုံး ပရော်ဖက်ရှင်နယ် ဘောလုံးသမားအဖြစ် သတ်မှတ်ခြင်းခံထားရသည့် တိုက်စစ်မှူး ကာဇူယိုရှိမီအူရာအား တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၅၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ကမ္ဘာ့အသက်အကြီးဆုံး ပရော်ဖက်ရှင်နယ် ဘောလုံးသမားအဖြစ် သတ်မှတ်ခြင်းခံထားရသလို ကစားသမားဘဝတစ်လျှောက်တွင်လည်း ဂျီနိုအာ၊ ပါးလ်မီးရပ်စ်၊ ဗစ်ဆဲလ်ကိုဘေး၊ ဒိုင်နမိုဇာဂရက်၊ ယိုကိုဟားမား စသည့်ကလပ်အသင်းများ အပြင် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဂျပန်လက်ရွေးစင်အသင်းနှင့်လည်း ၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ်အထိ ပြိုင်ပွဲပေါင်း ၈၉ပွဲ ကစားကာ ၅၅ဂိုးအထိ သွင်းယူထားနိုင်ခဲ့သည်။

ကာဇူယိုရှိမီအူရာက "ကျွန်တော် ဖူကူရှီးမားယူနိုက်တက်အသင်းကို ရောက်ရှိခဲ့ပါပြီ။ ကျွန်တော် ဘောလုံးကို အလွန်ချစ်မြတ်နိုးပါတယ်။ အသက် ၆၀ ပြည့်သည်အထိ ဘောလုံးကစားသွားလိုပါတယ်"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## ဖရန်ကိုမာစတန်တူနို ရီးရဲလ်မက်ဒရစ်အသင်းတွင် ဆက်ရှိသွားမည်

**မက်ဒရစ် ဒီဇင်ဘာ ၃၁**

ကွင်းလယ်ကစား ဖရန်ကိုမာစတန်တူနို အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ရီးရဲလ်မက်ဒရစ်အသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ပွဲ ကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသည်။



ရီးရဲလ်မက်ဒရစ်အသင်း၏ ထုတ်ပြန်ချက်တွင် "ဖရန်ကိုမာစတန်တူနို အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်လည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

**(ဝဲပုံ) (NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* မေဂျာလိဂ်ကလပ် ချီကာဂိုဖိုင်းယားအသင်းနှင့် တူရကီကလပ် ဖီနာဘာချီအသင်းတို့သည် ဘာစီလိုနာအသင်းတိုက်စစ်မှူး လီဝန်ဒေါစကီးအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

* ပရီးမီးယားလိဂ် ပွဲစဉ်(၁၉)အဖြစ် ယနေ့ နံနက်ပိုင်းက မန်ယူအသင်းနှင့် ဝုဖ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

* ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ချဲလ်ဆီး၊ မန်ယူ၊ နယူးကာဆယ်၊ စပါးအသင်းတို့သည် အက်သလက်တီကိုမက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ကော်နာဂယ်လာဂါအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။ **(NGB)**

## ဆီနီဂေါအသင်းက ဘီနင်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဒီဇင်ဘာ ၃၁**

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(D) တတိယပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဆီနီဂေါအသင်းနှင့် ဘီနင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆီနီဂေါအသင်းက ဘီနင်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆီနီဂေါအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၃၈မိနစ်တွင် ဆက်စ်၊ ပွဲချိန် ၆၂မိနစ်တွင် ဒိုင်ယာလို၊ ပွဲချိန် (၉၀+၇)မိနစ်တွင် အန်ဒီယီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆီနီဂေါအသင်းသည် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(A) ပွဲစဉ်သုံးပွဲစလုံး ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ခုနစ်မှတ်ဖြင့် အုပ်စုထိပ်ဆုံးနေရာတွင် ရပ်တည်ပြီး နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

**(အောက်ပုံ) (NGB)**



### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပ-ကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၁-၂၀၂၆ | (၉)ပဲလေ့စ် - ဖူလ်ဟမ်(၁၀) | ပဲလေ့စ် ၀-၂ ဖူလ်ဟမ် | ပဲလေ့စ်(အိမ်) | ၉ | ၂ | ၄ | ၃ | ၉ | ၁၁ |
| နံနက် ၀၀:၀၀ နာရီ | (ဖူလ်ဟမ် ၁-၂ ပဲလေ့စ်) | ဖူလ်ဟမ် ၀-၂ ပဲလေ့စ် | ဖူလ်ဟမ်(ဝေး) | ၉ | ၃ | ၁ | ၅ | ၁၀ | ၁၆ |
| ။ | (၄)လီဗာပူး - လီဒ်စ်(၁၆) | လီဗာပူး ၁-၂ လီဒ်စ် | လီဗာပူး(အိမ်) | ၉ | ၆ | ၁ | ၂ | ၁၅ | ၁၀ |
| | (လီဒ်စ် ၃-၃ လီဗာပူး) | လီဒ်စ် ၁-၆ လီဗာပူး | လီဒ်စ်(ဝေး) | ၉ | ၁ | ၂ | ၆ | ၈ | ၂၀ |
| ၂-၁-၂၀၂၆ | (၈)ဘရန့်ဖို့ဒ် - စပါး(၁၁) | ဘရန့်ဖို့ဒ် ၀-၂ စပါး | ဘရန့်ဖို့ဒ်(အိမ်) | ၉ | ၆ | ၂ | ၁ | ၂၀ | ၁၀ |
| နံနက် ၀၂:၃၀ နာရီ | (စပါး ၂-၀ ဘရန့်ဖို့ဒ်) | စပါး ၃-၁ ဘရန့်ဖို့ဒ် | စပါး(ဝေး) | ၉ | ၅ | ၂ | ၂ | ၁၆ | ၁၂ |
| ။ | (၇)ဆန်းဒါးလန်း - မန်စီးတီး(၂) | ဆန်းဒါးလန်း ၀-၂ မန်စီးတီး | ဆန်းဒါးလန်း(အိမ်) | ၉ | ၅ | ၄ | - | ၁၆ | ၈ |
| | (မန်စီးတီး ၃-၀ ဆန်းဒါးလန်း) | မန်စီးတီး ၂-၁ ဆန်းဒါးလန်း | မန်စီးတီး(ဝေး) | ၉ | ၅ | ၁ | ၃ | ၁၈ | ၁၁ |

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ လက်သစ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၅၂/လက်သစ်ကွင်း)၊ ဦးပိုင်အမှတ်(၇၂)၊ ဧရိယာ(၀ ဒသမ ၂၁)ဧက အကျယ်အဝန်းရှိ ဦးစိုးဝင်း အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိထားသည့် လယ်မြေနှင့် ယင်းမြေ၏ မြေပေါ်မြေအောက်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစိုးဝင်း (ဘ)ဦးပေါ်(၉/ပသက(နိုင်)၀၆၄၁၀၅) (၎င်း၏ မှတ်ပုံတင် အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသန်းဇော် (ဘ)ဦးစိန်လှိုင်(၉/ပသက(နိုင်)၀၇၈၅၀၄)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေစုမွန် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၁၈)၊ ၇၉လမ်း၊ ၂၉လမ်းနှင့်လမ်း၃၀ကြား၊ ဟေမာဇလရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၆၁၁၃၁၁၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၃)၊ ဦးပိုင်အမှတ်(၂၄-ခ)၊ ဧရိယာ(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ ဦးကျော်ကျော် (ဘ)ဦးဘဌေး (၉/မနတ(နိုင်)၀၇၃၀၉၂) အမည်ဖြင့် မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့မှ ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှလှမြင့် (ဘ)ဦးလှထွန်း(၉/မနတ(နိုင်)၀၀၅၃၅၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဒေါ်အေးသီတာအောင်(LL.M) ဒေါ်စာနည်အောင်(LL.B) ဒေါ်သန်းသန်းဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၁၀–ဃ)၊ မင်္ဂလာလမ်း၊ ၇၇လမ်းနှင့်၇၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၉၇၂၇၇၈၆၂၃၊ ၀၉–၇၉၈၆၉၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်ကြီးရပ်ကွက်၊ အနောက်တောင်ကြီးရပ်၊ အရှေ့လားသော်-ဦးမင်းမင်း လမ်းမြေအစပ်၊ အနောက်လားသော်-ရေတွင်း၊ လမ်း၊ တောင်လားသော်-ဒေါ်ကြူကြူ မြေအစပ်၊ မြောက်လားသော်-လူသွားလမ်း စသည့် နယ်လေးရပ်အတွင်းရှိ မျက်နှာပွင့် တောင်မြောက် (၂၇)ပေ၊ အရှေ့အနောက် (၃၂)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး) အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးနေမင်းဦး (ဘ)ဦးအောင်လွင်(၉/အမရ(နိုင်)၁၅၀၁၉၇)နှင့် ဒေါ်ကေခင်နိုင် (ဘ)ဦးအုန်းညွန့်(၁၂/ရကန(နိုင်)၀၇၅၆၇၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေများကို အပြေအကြေပေးချေ၍ ဝယ်ယူကာ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းကလျာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ကိုးသင်းရပ်၊ ရွှေကြက်ယက်ကျေးရွာ၊ အမရပူရမြို့နယ်။ ဖုန်း ၀၉–၂၀၆၄၃၆၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်ရှိ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(စ/၄၀၅)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးညို အမည်ဖြင့်ချထားပေးခြင်းခံရသော မြေကွက်နှင့် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အေးအေးမြင့် (ဘ)ဦးအောင်သောင်း(၉/မရမ(နိုင်)၀၅၀၇၇၆)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**
**ဒေါ်မြတ်စုမွန်(LL.B,D.B.L)**
**(တရားလွှတ်တော်ရှေ့နေ)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၉၇၇၉၈၃၅၇၊ ၀၉–၂၅၉၀၉၀၄၃၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၅)တွင် တည်ရှိသော ဦးပိုင်အမှတ်(၇၂+၇၃)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁+၀ ဒသမ ၀၅၅၁) အကျယ်အဝန်းစီရှိ ဂရန်မြေကွက်များ၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးကျော်စိန်(၁၃/နခန(နိုင်)၀၃၈၃၆၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြည့်စုံ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ–၁၁ /၄၁+၄၄)၊ ၆၃–Aလမ်း၊ ၃၉–Aလမ်းနှင့်လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၈)တွင် တည်ရှိသော ဦးပိုင်အမှတ်(၇၀)အတွင်းမှ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးကမ္ဘာမျိုးထွန်း(၉/ခအဇ(နိုင်)၀၀၂၁၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြည့်စုံ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ–၁၁ /၄၁+၄၄)၊ ၆၃–Aလမ်း၊ ၃၉–Aလမ်းနှင့်လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၉)၊ ဦးပိုင်အမှတ်(၃၈)အတွင်းမှ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ တစ်ထပ်အိမ် အဆောက်အအုံ(ရေမီးအစုံ) မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးဘုမိဗဟာဒူး(၁၃/နမတ(နိုင်)၀၂၉၄၈၆) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြည့်စုံ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးလှမိုး (ဥပဒေဘွဲ့) ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ–၁၁ /၄၁+၄၄)၊ ၆၃–Aလမ်း၊ ၃၉–Aလမ်းနှင့်လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း၊ ရဲဘော်ကွက်သစ်ရပ်ကွက်၊ ကွက်စိပ်(၆)အတွင်းရှိ ဧရိယာ အရှေ့-အနောက် (၆၄)ပေ၊ တောင်-မြောက် (၃၁)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝေဝေလွင် (ဘ)ဦးညွန့်တင်(၉/အမရ(နိုင်)၀၈၇၄၁၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဒေါ်အေးသီတာအောင်(LL.M) ဒေါ်စာနည်အောင်(LL.B) ဒေါ်သန်းသန်းဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၁၀–ဃ)၊ မင်္ဂလာလမ်း၊ ၇၇လမ်းနှင့်၇၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၉၇၂၇၇၈၆၂၃၊ ၀၉–၇၉၈၆၉၉၅၄၄**

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဓေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၈)၊ ဦးပိုင်အမှတ်(၁၅)၊ ၂၃လမ်း နှင့်၂၄လမ်းကြား၊ ၆၂လမ်းနှင့်၆၃လမ်းကြားရှိ ဒေါ်ခင်ရည်ဆွေ၊ ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်ခင်မြတ်ဆွေ၊ ဒေါ်ရီရီမြင့်ဆွေ၊ ဒေါ်ခင်ဇော်ဆွေ၊ ဒေါ်နှင်းအေးအေးဆွေ အမည်ပေါက်ဂရန်မြေကွက်အား ဒေါ်မြင့်မြင့်ဆွေ(အမျိုးဘာဝ) ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူများဖြစ်ကြသည့် ဒေါ်ခင်ရည်ဆွေ(၉/မရမ(နိုင်)၀၁၈၄၃၀)၊ ဒေါ်ခင်မြတ်ဆွေ(၉/မရမ(နိုင်)၀၁၈၄၂၅)၊ ဒေါ်ရီရီမြင့်ဆွေ(၉/မရမ(နိုင်)၀၁၈၄၂၆)၊ ဒေါ်ခင်ဇော်ဆွေ(၉/မရမ(နိုင်)၀၁၈၅၉၀)၊ ဒေါ်နှင်းအေးအေးဆွေ(၉/မရမ(နိုင်)၀၁၈၄၂၇)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူးမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ပျောက်ဆုံးကြောင်း

မောင်ထွန်းလင်းအောင် (ဘ)ဦးလောက်ဆီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၂၈၁၀၃၆)ကိုင်ဆောင်သူ၏ Passport No အမှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**မောင်ထွန်းလင်းအောင်**
**ဖုန်း ၀၉–၇၉၈၆၈၁၆၈၂**

❖ ပြန်လည်တည်ဆောက်ခြင်းဟူသည်မှာ ပြန်လည်နာလန်ထူအောင် လုပ်ဆောင်ခြင်းသာမကဘဲ အနာဂတ်တွင် လုံခြုံအာမခံမှုရှိသည့် နိုင်ငံတစ်နိုင်ငံကို ဖန်တီးတည်ဆောက်ခြင်းလည်းဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်နေ့တွင် ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည် ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၆/၂၀၂၅) ကျင်းပ

## ဘဏ္ဍာငွေများနှင့်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများ သတ်မှတ်ထားသည့်ဘဏ္ဍာရေးနှစ်မကုန်မီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်လိုအပ်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၆/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၆/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက video conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၅) မှတ်တမ်းကို အတည်ပြုခြင်း ဆောင်ရွက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ လုပ်ဆောင်ချက်များအပေါ် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စာမျက်နှာ ၈ သို့◆

# တပ်မတော်စစ်ကြောင်းများက မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းအား အပြည့်အဝ စိုးမိုးထိန်းချုပ်ဖွင့်လှစ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆို



သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ တပ်မတော်စစ်ကြောင်းများ ရောက်ရှိမှုအား တွေ့မြင်ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃၁

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်များအတွင်းသို့ ဝင်ရောက်ကာ ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်ပိတ်ဆို့၍ ခရီးသွားပြည်သူများအား ဖမ်းဆီးခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ နေအိမ်များအတွင်းသို့ ဝင်ရောက်၍ ပြည်သူပိုင်ပစ္စည်းများအား အတင်းအဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့အကျိုးပြု စက်ရုံ၊ အလုပ်ရုံများအား ဝင်ရောက်မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံပိုင်မြေပေါ်၊ မြေအောက်သယံဇာတများအား အဓမ္မနည်းဖြင့်ထုတ်ယူပြီး ကိုယ်ကျိုးသုံးစွဲခြင်း၊ ပြည်သူလူထုများ၏ နေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ အဆောက်အအုံများအား အခိုင်အမာခံစစ်နေရာများအဖြစ် အသုံးပြုခြင်း၊ ယာယီအခြေပြုနေထိုင်ခြင်း၊ စာမျက်နှာ ၁၁ သို့❖

## ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်

ရန်ကုန် ဒီဇင်ဘာ ၃၁

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)ကစားအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၂၆ မှတ်ဖြင့် အဆင့် (၁)နေရာ၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၂၃မှတ်ဖြင့် အဆင့်(၂)နေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

(NGB)